မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ ၂၀၀၇ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၂၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေရှည်စီးပွားရေးတွက်ခြေကိုက်သော ရော်ဘာစိုက်ပျိုး မြေလွတ်မြေရိုင်းများတွင် စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း

ရော်ဘာ စမ်းသပ်စိုက်ခင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မဘိမ်းမြို့နယ် ရော်ဘာစမ်းသပ် စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ်၂၃ရက် ညနေ၅နာရီတွင် မိုးမိတ်မြို့ မိုးမိတ်–မိုးကုတ် ကားလမ်း မိုင်တိုင်အမှတ် (၆/၀)ရှိ ရေအား လျှပ်စစ်စီမံကိန်း ၆မိုင် ရေတံခွန်သို့ ရောက်ရှိပြီး ရေအား လျှပ်စစ်စီမံကိန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မိုးမိတ်မြို့ ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက မိုးမိတ်မြို့ပေါ်သို့ လျှပ်စစ်ဓာတ်အားဝပ် ၁၄၀၀၀၀ လျှပ်စစ်မီး ပေးဝေနိုင်မည် ဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁ ✻*

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဆန့်ကျင်ရေး သံသရာက နိုးထဖို့ အချိန်တန်ပြီ

ပြည်သူတစ်ရပ်လုံးနဲ့သက်ဆိုင်တဲ့ အခြေခံဥပဒေသစ်ကို ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုတာဟာ အမှန်ကန်ဆုံးလုပ်ရပ်မဟုတ်ဘူးလား။ သူတို့ဘာပြောပြော ကျွန်တော်တို့ပြည်သူတွေကတော့ အသစ်ပေါ်ထွက်လာမယ့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ဆန္ဒမဲပေးပြီး အတည်ပြုပေးဖို့ မျှော်လင့်စောင့်စားနေကြပါပြီ။ အသည်းကြားက မဲတစ်ပြားနဲ့ နိုင်ငံတော်ရဲ့ အနာဂတ်ကံကြမ္မာအတွက် အဆုံးအဖြတ်ပေးဖို့ အသင့်ဖြစ်နေပါပြီ။ ဒီလိုအခြေရောက်မှ ဟိုအကြံပေး၊ ဒီတင်ပြ၊ ဟိုတိုင် ဒီတောတွေ လုပ်မနေပါနဲ့လို့ပဲ ပြည်သူ့ကိုယ်စား ကျွန်တော်ပြောပါရစေ။

ကိုကဲ၏ ဆောင်းပါး (စာ ၈၊ ၉ နှင့် ၁၀)တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။ Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၆ ရက်)

အိုင်တီနည်းပညာများ တိုးတက်ထွန်းကား လူငယ်လူရွယ်များ တီထွင်ကြိုးပမ်းမှုအောင်မြင်

နိုင်ငံတော်က လူငယ်လူရွယ်များ အိုင်တီနည်းပညာ ကျွမ်းကျင်စွာတတ်မြောက်ရေးအတွက် ကွန်ပျူတာကောလိပ်နှင့် တက္ကသိုလ်များ ဖွင့်လှစ်ပေးထားသည်။ အခြေခံပညာအဆင့်၌ အိုင်တီနည်းပညာ အခြေခံများရရှိစေရန် မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်လှစ်ကာ သင်ကြားပေးလျက် ရှိသည်။

ယခုအခါ ကွန်ပျူတာအသီးသီးတွင် အသုံးပြုနိုင်သော မိုင်မြန်မာယူနီကုတ်စနစ် (ဒုတိယမျိုးဆက်)နှင့် ကွန်ပျူတာ တစ်လုံးအား မြန်မာဘာသာဖြင့်အသုံးပြုနိုင်မည့် မိုင်ဝင်းဒိုးစ်စနစ်တို့ကို စမ်းသပ်အသုံးပြုနိုင်ရန် မြန်မာလူငယ်များက ကြိုးပမ်း လုပ်ဆောင်လျက် ရှိသည်။

မိုင်မြန်မာယူနီကုတ်စနစ်သည် ကွန်ပျူတာများ၊ မိုဘိုင်းလ်ဖုန်းများ၊ ပီဒီအေများ၊ အီလက်ထရွန်နစ် အဘိဓာန်များ၊ တီဗွီ၊ ဗွီစီဒီ၊ ဒီဗွီဒီဖွင့်စက်များအစရှိသည့် အီလက်ထရွန်နစ်ပစ္စည်းများ၌ အသုံးပြုနိုင်သည်။ ကွန်ပျူတာအများစုတွင် အသုံးပြုနေသော **Windows XP** စနစ်တစ်ခုလုံးကို မြန်မာဘာသာဖြင့် ပြောင်းလဲအသုံးပြုနိုင်ရန် တီထွင်ထားသော စနစ်ဖြစ်သည်။

ယင်းအိုင်တီနည်းပညာစနစ်သုံး၍ မြန်မာဘာသာဖြင့် အင်တာနက်အသုံးပြုနိုင်ခြင်း၊ အီးမေးလ် ပို့နိုင်ခြင်း၊ မြန်မာဘာသာဖြင့် ကွန်ပျူတာတစ်လုံး လုံးကို အသုံးပြုနိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်တော့မည် ဖြစ်သည်။

သို့ဖြစ်ရာ အိုင်တီနည်းပညာများ ဆက်လက်တိုးတက်ထွန်းကားရေးအတွက် ကွန်ပျူတာ ကျွမ်းကျင်ပညာရှင်များ၊ လူငယ်လူရွယ်များ ပူးပေါင်းလျက် ဆက်လက်ကြိုးပမ်း မြှင့်တင်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်း အပရာဇိတ ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း အမှတ်(၃)ရပ်ကွက် ဧယျာသွားခံတွင်း ဆေးခန်းနေ ဦးထွန်းကြည်–ဒေါ်ပုကြည်နှင့်သားသမီးတစ်စုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးသိန်းထွန်းတို့က လက်ခံယူသည်။ **(အောက်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း–၆၆၀၀၀၆၊ ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဖြူးမဟာစည်ရိပ်သာ မိုးရာသီ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅)ရပ်ကွက် ကမာရွတ်ဘူတာနောက်ကျောဘက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ အဋ္ဌမအကြိမ် မိုးရာသီ ၁၅ရက် တရားစခန်းပွဲကို ၁၃၆၉ခု ဝါခေါင်လပြည့်ကျော် ၄ရက်မှ တော်သလင်း လဆန်း ၄ရက် (စက်တင်ဘာ ၁ရက်မှ စက်တင်ဘာ ၁၅ရက်)အထိ နိုင်ငံကျော် ဓမ္မကထိက ဗဟုဇနဟိတဓရ သာသနဓဇဓမ္မာစရိယ မဟာစည် နာယက ဘဒ္ဒန္တ နရပတိ ဖြူးဆရာတော်ကြီးကိုယ်တိုင် ဦးစီး၍ မဟာသတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ဩဂုတ်၃၀ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး ဩဂုတ်၃၁ရက် ညနေ ၄နာရီ အရောက် တရားစခန်းသို့ ဝင်ရောက်ရမည် ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း–၀၁–၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ ၁၈၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီ ရုပ်မြင်သံကြား

၂၆–၈–၂၀၀၇
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အထီးကျန်ဆန္ဒ"**
- ၁၂:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၂။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်းမုန့်** (အပိုင်း–၂၅)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း–၂၇)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၆–၈–၂၀၀၇
(တနင်္ဂနွေနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ အန္တိမ်ငြိမ်းမဲ့မီး တရားတော် (အပိုင်း–၁) (ဆရာတော် အရှင်ဆန္ဒာဓိက)
- ၈:၀၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)၊ ဒေါက်တာခင်မောင်ညို]
- ၉:၀၀ တေးဂီတအစီအစဉ်
- ၉:၀၅ ကျီးသဲမြို့မှ စည်းလုံးချည်
- ၉:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ "သစ္စာတရားဖြင့်ဖြူးရာဝယ်" ဒေါက်တာချစ်ငယ် (ဒဿန) Ph.D
- ၁၀:၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၀၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ နောက်မကျခင်အောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ–ကြည်စိုး)
- ၁၀:၂၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၃၀ တေးဂီတအစီအစဉ်
- ၁၀:၃၅ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနို့ထုတ်လုပ်ခြင်း)
- ၁၀:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၀၅ စွမ်းရည်မြင့်မားလယ်ယာ(၁၆) လက်တွန်းထွန်စက် တာယာများ
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၄၅ နိုင်ငံတကာအနုပညာရေးရာ
- ၁၂:၁၅ မိသားစုဖျော်ဖြေရေး ကိရိယာများ Panasonic မှ အလေးထား
- ၁၂:၃၀ တေးဂီတအစီအစဉ်
- ၁၂:၃၅ Movie Mistakes (THE MASK)
- ၁၂:၅၅ တေးဂီတအစီအစဉ်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

2007-2008 English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Middlebrough-Newcastle	ESPN (Live)
၉:၂၀	Man Utd-Tottenham	ESPN (Live)

ဗိုလ်ကြီး သန့်ဇင်ဦး – မစောပပလွင်တို့၏ မင်္ဂလာဦး အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

* ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဩဂုတ်၂၄ရက်နံနက်စနာရီတွင် မိုးမိတ်မြို့ တပ်နယ်ရိပ်သာ၌ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ အားတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တကောင်း–ကသာ လမ်းဖောက်လုပ်ရေး စီမံကိန်း အင်ဂျင်နီယာမှူး ဦးညီညီက တွင်းငယ်–မိုးမိတ် ကားလမ်းပေါ်ရှိ တံတားအမှတ်၅/၂၄ ကင်းချောင်းတံတား ရေတိုက်စားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တံတား ပြန်လည် ပြုပြင်ရာ၌ စနစ်တကျ တွက်ချက်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မိုးမိတ်မြို့ မြို့ကျက်သရေဆောင်ခန်းမ၌ မြို့မိမြို့ဖများ၊ ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ မိုးမိတ်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကြည်က မြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အခြေအနေများကိုရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မိုးမိတ်မြို့နယ် ရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသည့် ငွေကျပ် သိန်း၅၀ကို ပေးအပ်လှူဒါန်းရာ ရေအားလျှပ်စစ်ရရှိရေး ကော်မတီဝင်များက လက်ခံသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မိုးမိတ်ဒေသသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ စိုက်ပျိုးရေးလုပ်ငန်းတွင် အားထားရသည့် ဒေသဖြစ်သည်နှင့်အညီ ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ စပါးကျည်တစ်ခုဖြစ်ကြောင်း၊ ယခုအခါ မိုးမိတ်ဒေသတွင် ဒေသဝမ်းစာဖူလုံနေသည့်အပြင် ပိုလျှံ၍ ဝမ်းမြောက်မိပါကြောင်း၊ သို့ရာတွင်မိုးမိတ်ဒေသတွင်း မြေလွတ် မြေရိုင်းမြောက်မြားစွာ ရှိသေး၍ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် စပါးတစ်ဧက တင်း၂၅၀ အထက် ထွက်ရှိသူမြောက်မြားစွာရှိရာ မိမိဒေသအတွက် ဂုဏ်ယူစရာဖြစ်ကြောင်း၊ စပါးသာမဟုတ်ဘဲ နိုင်ငံတော်ကကြံပန်းတိုင်အထွက်နှုန်း တန်၃၀ သတ်မှတ်သော်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ တန် ၆၀ အထက် ထွက်ရှိနေသည်ကို ခရီးစဉ်၌ တွေ့ရှိရသဖြင့် ကြံကိုလည်း တိုးချဲ့ စိုက်ပျိုးစေလိုကြောင်း၊ ထို့ပြင် ရေရှည်၌ စီးပွားရေးတွက်ခြေကိုက်သော ရော်ဘာကိုလည်း စိုက်ပျိုးကြစေလိုကြောင်း၊ ဒေသတွင်း ခြံစည်းရိုးကြက်ဆူပင်ကိုလည်း လျာထားချက်အတိုင်း စိုက်ပျိုးကြရမှာဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မိုးမိတ်မြို့နယ်လူမှုရေး အသင်းအဖွဲ့တို့အား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် လမ်းဘေး ဝဲယာ၌ ဖြစ်ထွန်း အောင်မြင်နေသည့် သစ်တောကြိုးဝိုင်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး မဘိမ်းမြို့နယ် ရော်ဘာ စမ်းသပ်စိုက်ခင်း နှစ်ဧကသို့ ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ရော်ဘာစိုက်ပျိုးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်တွင် ၂၀၀၇–၂၀၀၈ခုနှစ်၌ ရော်ဘာ ၈၂၉၈ဧက စိုက်ပျိုးပြီး ၂၀၀၈–၂၀၀၉ခုနှစ်တွင် ဧက ၁၀၀၀၀ထိ တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စည်းရုံးဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မဘိမ်းမြို့ ကုန်းခါးရပ်ကွက်ရှိ ဆင်းရွှေလီစပါး(R)မျိုးသန့်ဖုန်သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးရာဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ပတ်ဝန်းကျင်ရှိတောင်သူလယ်သမားများအားလည်းလာရောက် လေ့လာစေပြီး တစ်နယ်လုံး ယခုကဲ့သို့ အထွက်တိုး စိုက်ပျိုးရေး စည်းရုံးဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မဘိမ်းမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ရွှေလီမြစ်ကမ်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ မဘိမ်းမြို့နယ်ခန်းမ၌ မြို့မိမြို့ဖများ၊ ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မဘိမ်းမြို့နယ် ဥက္ကဋ္ဌ ဦးမိုးမြင့်က မဘိမ်းမြို့နယ် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ပညာရေးဌာနငွေပဒေသာပင်အတွက် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ် ပညာရေးမှူး ဒေါ်ကြည်သိန်းက လက်ခံယူသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကား ပြောကြားရာတွင် မဘိမ်းမြို့၏ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှုများ တွေ့ရ၍ ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စပါးပန်းတိုင် အထွက်နှုန်းတစ်ဧက တင်း၁၀၀ သတ်မှတ်ထားရာ ယခုအခါတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် စပါး တစ်ဧက တင်း၂၅၀ အထက်ပင် ကျော်လွန်ကြောင်း၊ မဘိမ်းမြို့နယ်မှ တောင်သူ ဦးမင်းမောင်၏ လယ်မှာ တစ်ဧက ၂၈၅တင်းထွက်ရှိနေကြောင်း၊ ရှမ်းပြည်နယ်သည် ရေခံမြေခံကောင်း၍ မြေလွတ်မြေရိုင်းများလည်းရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသ၌ ဖြစ်ထွန်းနိုင်သမျှ မြေပဲ၊ ကြံ၊ ရော်ဘာနှင့် ခြံစည်းရိုး ကြက်ဆူပင်များကိုလည်း တိုးချဲ့ စိုက်ပျိုးကြစေလိုကြောင်းဖြင့် အကျယ်တဝင့်ရှင်းလင်း ပြောကြားသည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မဘိမ်းမြို့နယ်လူမှုရေး အသင်းအဖွဲ့များအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မဘိမ်း–မိုးမိတ် ကားလမ်းဘေးတစ်လျှောက် ဖြစ်ထွန်းအောင်မြင်နေသည့် သစ်တောစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆက်လက် ထွက်ခွာလာရာ မိုးမိတ်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်း မိချောင်းကန် အပိုင်း(၃) ခေမာသီ ၂လမ်းနေ (ဦးအုန်းသော်–ဒေါ်ခင်သန်းနွယ်) တို့အားရည်စူး၍ သား သမီး ဦးအောင်မင်း– ဒေါ်ခင်သန်းဦး၊ သား တင်ထွန်းအောင် မိသားစုက ရန်ကင်း ပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ငွေကျပ်ငါးသိန်းကို ရွှေပြည်ဟိန်းဆရာတော်ထံ လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာ လက်ခံယူစဉ်။ (က–ပ)

ဆရာတော်ဘဒ္ဒန္တသြဘာသ ဝိဇာတပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၅

မင်္ဂလာဗျေယျံ(ပရိယတ္တိ) စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ သြဘာသ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၏ သက်တော် (၇၄)နှစ်ပြည့် ၂၅နှစ်မြောက် ဝိဇာတ မွေးနေ့မင်္ဂလာ အခမ်းအနားကို ၁၃၆၉ ခု ဝါခေါင်လပြည့် (ဩဂုတ် ၂၈ရက်) အင်္ဂါနေ့တွင် ပင့်သံဃာ ၂၀၀ကျော်တို့အား အရုဏ်ဆွမ်း၊နေ့ဆွမ်းတို့အပြင် ဒါတဗ္ဗဝတ္ထုအစုစုဖြင့် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ဆရာတော်၏ မွေးနေ့ပူဇော်ပွဲ အခမ်းအနားကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ ကျင်းပမည်ဖြစ်ရာ တပည့် ဒါယကာ ဒါယိကာမများ ကြွရောက် ပူဇော်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း လက်အောက်ရှိ Structural Technical Division မှ Earthquake Engineering Course Level (1) ကိုစက်တင်ဘာ ၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး Level (2) ကို World Seismic Safety Initiatives (WSSI) က ကြီးမှူး၍ နိုဝင်ဘာအတွင်း ဆက်လက်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အသေးစိတ် သိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း လှိုင်မြို့နယ် ဖုန်း–၀၁–၅၁၉၆၇၃ မှ ၅၁၉၆၇၆၊ Ext: 304သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၀၇ခုနှစ် နှစ်ဝက် မျက်နှာစုံညီ အစည်းအဝေးကို စက်တင်ဘာ၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ စတင်၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)အစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ရာ ဆေးပညာရှင်အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ ကြွရောက်ပါရန်နှင့် ဆေးပညာရှင်အဖွဲ့ဝင်များ အနေဖြင့် နံနက် ၈နာရီမှ စတင် မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြီးအမှူးဖြစ်စေတတ်သော စာအုပ်ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၅

စာရေးဆရာချစ်နိုင်(စိတ်ပညာ) ရေးသားသည့် အကြီးအမှူးဖြစ်စေတတ်သောစာအုပ်ကို နိုင်စာပေမှ ထုတ်ဝေဖြန့်ချိကြောင်းသိရသည်။ စာရေးသူက ဂျာနယ်၊ ဆောင်းပါး၊ ခေါင်းကြီးများမှတစ်ဆင့် မိမိ၏ ပေးဆပ်ချင်သော စေတနာ၊ လောကကောင်းကျိုးကို မျက်နှာမူသော ရင်ထဲမှ ဆန္ဒများကို ထုတ်ဖော်ရေးသားထားကြောင်း တင်ပြထားသည်။ ဆောင်းပါးပေါင်းအပုဒ် ၂၀ကို စုစည်း ဖော်ပြထားပြီး တန်ဖိုးမှာ ကျပ်၁၀၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်



* **ပါကစ္စတန်နိုင်ငံက ဩဂုတ်၂၅ရက်၌ အိတ်ချ်အေတီအက်ဖ်–၈ ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်လိုက်သည်။ အဆိုပါ ဒုံးကျည်သည် ကီလိုမီတာ၃၅၀အကွာအဝေးအထိ ပစ်ခတ်နိုင်ပြီး မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် အမျိုးအစားဖြစ်ကြောင်း ပါကစ္စတန်မီဒီယာများက ဖော်ပြသည်။**

* *တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်တောင်ပိုင်း ကမ်းလွန်တွင် ဩဂုတ်၂၅ရက် နံနက်က ငါးဖမ်းသင်္ဘောနှစ်စင်း တိုက်မိခဲ့ရာ ငါးဖမ်းလုပ်သားငါးဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်သွားကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။*

* **ဂျပန်နိုင်ငံ အလယ်ပိုင်း ကိုဘေးမြို့ဆိပ်ကမ်းတွင် ဩဂုတ်၂၅ရက် နံနက်က သင်္ဘောပေါ်သို့ ကုန်ပစ္စည်းများ တင်ဆောင်နေသော အလွန်ကြီးမားသည့် ကရိန်းတစ်ခု ပြိုလဲကျခဲ့ရာ လူသုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဂျပန်မီဒီယာများက ဖော်ပြသည်။**

* *ဗီယက်နမ်နိုင်ငံ ယခုနှစ်ဩဂုတ်၂၄ရက်အထိ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၄၄၅၇၂ဦးရှိခဲ့ရာ ၄၉ဦးသေဆုံးသွားပြီဖြစ်ကြောင်း ဗီယက်နမ်မီဒီယာများက ဖော်ပြသည်။*

* **ဘိုလီးဗီးယားနိုင်ငံ အလယ်ပိုင်း ဆန်တာခရုဇ်မြို့မှ မီလ်ဂါမြို့သို့ မောင်းနှင်လာသော ခရီးသည်တင် ဘတ်စ်ကားတစ်စီး ဩဂုတ်၂၄ရက်က လမ်းချော်ပြီး တိမ်းမှောက်သွားရာ ၁၂ဦး သေဆုံးပြီး ၁၀ဦးဒဏ်ရာ ရရှိသွားကြောင်း ဘိုလီးဗီးယား မီဒီယာများက ဖော်ပြသည်။**

* *ဂရိနိုင်ငံ ဇာဟီရိုမြို့အနီးတွင် သစ်တောမီးလောင်ကျွမ်းကျင်မှု ဖြစ်ပွားလျက် ရှိရာ ဩဂုတ်၂၅ရက်အထိ လူ၄၁ဦး သေဆုံးသွားကြောင်း၊ သစ်တောမီးကူးစက် လောင်ကျွမ်းခြင်းကြောင့် နေအိမ်များ၊ မော်တော်ယာဉ်များ မီးလောင်ခံရကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။*

* **တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ စက်ရုံတစ်ရုံတွင် ဩဂုတ်၂၅ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ လူခုနစ်ဦးသေဆုံးသွားကြောင်း တရုတ်မီဒီယာများကဖော်ပြသည်။**

* *နာဆာမှ အင်္ဂါဂြိုဟ်သို့လေ့လာရေးခရီးစေလွှတ်ထားသောစပရစ်နှင့် အော့ပိုကျူနီတီအမည်ရှိ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်နှစ်စင်းသည် အင်္ဂါဂြိုဟ်ပေါ်တွင် မုန်တိုင်းတိုက်ခတ်နေသဖြင့် လေ့လာရေးခရီးစဉ်များရပ်ဆိုင်းထားခဲ့ရာမှ ဩဂုတ်၂၂ရက်မှစတင်ကာ ပုံမှန်ရွေ့လျားလေ့လာမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။*

(အင်တာနက်)



● ***ကျောဖုံးမှ***

မွေးမြူရေးအခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် တောင်သူဦးတင်အေး၏ လယ်မြေ ၁၀ ဧကအတွင်းသို့ ငါးမျိုးများ တပျော်တပါး စိုက်ထည့်ပေးကြပြီး ခရမ်းကိုင်းကျေးရွာအုပ်စုမှတောင်သူဦးကျော်ရွှေ၏ မိုးစပါး ၂၅ ဧက လယ်မြေအတွင်း စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများပူးပေါင်း၍ စပါးခင်းများအတွင်း မြေသြဇာ ကြဲပတ်ခြင်း၊ ပေါင်း လိုက်တမန်းနှိုးခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အခမ်းအနားတွင် စပါးခင်း ဧက ၄၀ အတွက် တစ်ဧကလျှင် ငါးသားပေါက်ကောင်ရေ ၁၀၀၀ နှုန်းဖြင့် ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၁၆၀၀၀ နှင့် တီလားဗီးယာကောင်ရေ ၄၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၄၀၀၀၀ မျိုးကို စိုက်ထည့်ပေးကြောင်း သိရှိရသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် ရန်အောင်မြင်ကျေးရွာအုပ်စုမှ တောင်သူဦးမောင်တင့်၏ ဒေသအထွက်ကောင်းဆင်းသွယ်ရင်စပါးမျိုးများ ပျိုးထောင်ပြင်ဆင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဒေသထွက်ကောင်း စပါးမျိုးများကို ဘောင်ပျိုးစနစ်ဖြင့် ပျိုးထောင်ပြီး ပျိုးသက်နုစနစ်ဖြင့် စနစ်တကျ စိုက်ပျိုးသောနည်းစနစ်ကို နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် လယ်ဝေးနှင့် နေပြည်တော် တပ်ကုန်းတို့၌ ငါးဧကစီ စိုက်ပျိုးပြသထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဂုဏ်ရည်ဆရာတော် ပြည်ပသာသနာပြုဓမ္မခရီးစဉ်မှ ပြန်လည်ကြွရောက်တော်မူ

ရန်ကုန် ဩဂုတ် ၂၅

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက၊ သာသနတက္ကသိလ ဓမ္မာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ကောဝိဒသည် အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် မနာလပန်မြို့မဟာစည်သာသနာ့ရိပ်သာအတွင်း တည်ထားကိုးကွယ်သော ရွှေတိဂုံပုံတူ လောကချမ်းသာစေတီတော် ရွှေထီးတော်တင်ပွဲအခမ်းအနားသို့ အမေရိကန်နိုင်ငံ-မြန်မာဗုဒ္ဓဘာသာအသင်းကြီး၏ ပင့်လျှောက်ချက်အရ မေ ၂၂ရက်တွင် အမေရိကန်နိုင်ငံသို့ ကြွရောက်တော်မူခဲ့ရာ ဩဂုတ် ၂၂ရက် ညဂနာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်တော်မူလာကြောင်း သိရသည်။

ဟောကြားတော်မူခဲ့

ဆရာတော်သည် အမေရိကန်နိုင်ငံ ဓမ္မခရီးစဉ်၌ နယူးဂျာစီပြည်နယ် မနာလပန်မြို့ ရွှေထီးတော်တင်ပွဲ ဗုဒ္ဓါဘိသေကမင်္ဂလာအခမ်းအနား ဘက်ဖဲလိုးမြို့ မေတ္တာနန္ဒ ဝိဟာရကျောင်းသိမ်သမုတ်ပွဲ နှင့် စုပေါင်းရဟန်းခံရှင်ပြုပွဲ နယူးဂျာစီပြည်နယ် မနာလပန်မြို့ မဟာစည်သာသနာ့ရိပ်သာ တရားစခန်းပွဲများနှင့် နယူးယောက်မြို့ ဆစ်လ်ဗားစပရင်းမြို့၊ ဘော်လ်တီမိုးမြို့၊ ပေါ့တလန်မြို့၊ စီယက်တယ်လ်မြို့၊ ဆန်ဖရန်စစ်စကိုမြို့၊ ဖရီမောင်တ်မြို့၊ ဒေလီစီတီးမြို့၊ လော့စိန်ဂျလိစ်မြို့၊ အက်တလန်တာမြို့၊ ဩဂတ်စတာမြို့၊ ဝါရှင်တန်ဒီစီမြို့များတွင် တရားဓမ္မများ ဟောကြားတော်မူခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

Daewoo Show Room ဖွင့်ပွဲနှင့် လျှပ်စစ်ပစ္စည်း ထုတ်ကုန်သစ်များ မိတ်ဆက်

ရန်ကုန် ဩဂုတ် ၂၅

OK Myanmar Co.,Ltd. ၏ Daewoo Show Room ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ အဆိုပါ အရောင်းခန်းမရှေ့၌ ကျင်းပရာ Daewoo Electronic Coporation မှ Executive Director Mr. Yaung Suk Jun၊ Mr. In Hee Lee နှင့် OK Myanmar Co.,Ltd. Managing Director ဦးကျော်ကျော်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များက Show Room တွင် ခင်းကျင်းပြသထားသည့် Daewoo လျှပ်စစ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုရာ OK Myanmar Co.,Ltd. ဝန်ထမ်းများကရှင်းလင်းပြသကြသည်။

ရှင်းလင်းပြောကြား

အဆိုပါ Daewoo Show Room ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ညစာစားပွဲနှင့်Daewooလျှပ်စစ်ပစ္စည်း ထုတ်ကုန်သစ်များ မိတ်ဆက်ရှင်းလင်းပွဲကို ညနေပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပရာ အခမ်းအနားတွင် OK Myanmar Co.,Ltd. Managing Director ဦးကျော်ကျော်လှိုင်က Daewoo လျှပ်စစ်ပစ္စည်း အမယ်သစ်များ တိုးချဲ့တင်သွင်းမည့် အခြေအနေများကို လည်းကောင်း၊ Daewoo Electronic Coporation မှ Executive Director Mr. Yaung Suk Jun က Daewoo လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေး အာမခံချက်နှင့် နိုင်ငံတကာတွင် လက်ခံသုံးစွဲမှု အနေအထားများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆင်ပြေချောမွေ့

ဆက်လက်၍ OK Myanmar Co.,Ltd. မှ ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းမြင့်လှိုင်က Daewoo လျှပ်စစ်ပစ္စည်းများ ဈေးကွက်တွင် ဖြန့်ဖြူးမည့် အခြေအနေများနှင့် အရောင်းကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုရှင်းလင်းတင်ပြသည်။

ထို့နောက် Daewoo Electronic Coporation နှင့် OK Myanmar Co.,Ltd. မှ တာဝန်ရှိသူများက အရောင်းကိုယ်စားလှယ်တော်ကြီးများအား ရောင်းအားမြင့်ဆုများချီးမြှင့်ကြသည်။

အခမ်းအနားတွင် Daewoo Electronic Coporation က ထုတ်လုပ်သည့် လေအေးပေးစက်များ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နှင့် ရုပ်မြင်သံကြားစက်များ၊ DVD ပြစက်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက လေ့လာကြည့်ရှုအားပေးကြသည်။

OK Myanmar Co.,Ltd. အစီအစဉ်ဖြင့် Daewoo အရောင်းပြခန်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် Daewoo အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများကို မေတ္တာလက်ဆောင်များနှင့်အတူ အထူးဈေးနှုန်းများဖြင့် ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်ထိ ခုနစ်ရက်သတ်မှတ် ရောင်းချပေးမည်ဖြစ်သည်။

အထူးဈေးနှုန်း

ဝယ်ယူအားပေးလိုသူများအနေဖြင့် ရန်ကုန်မြို့ အမှတ်(၁၇၅) ဗိုလ်အောင်ကျော်လမ်းရှိ Daewoo အရောင်းခန်းမ၊ ဖုန်း-၂၅၆၉၄၇၊ ၃၉၂၉၈၇ ၊ ၃၉၂၉၈၆၊ မဟာဗန္ဓုလလမ်းရှိ HQ(I) Electronic အရောင်းဆိုင်၊ ဖုန်း-၃၇၆၉၉၇ နှင့် ပန်းဆိုးတန်းလမ်းရှိ HQ(II) Electronic အရောင်းဆိုင်၊ ဖုန်း-၂၄၁၀၇၇၊ ၃၈၇၆၄၄ တို့တွင် ဝယ်ယူနိုင်ပြီး နေပြည်တော် ပျဉ်းမနားရှိ OK Myanmar Sales & Service Centre၊ ဖုန်း-၀၆၇-၂၂၉၅၃ နှင့် မန္တလေး Daewoo အရောင်းပြခန်း၊ ဖုန်း-၀၂-၃၁၅၈၂ တို့တွင်လည်း အလားတူ အထူးဈေးနှုန်းဖြင့် ရောင်းချရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခင်းကျင်း ပြသထားသော Daewoo လျှပ်စစ်ပစ္စည်း ထုတ်ကုန်သစ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

Daewoo Show Room ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ညစာစားပွဲနှင့် Daewooလျှပ်စစ်ပစ္စည်း ထုတ်ကုန်သစ်များ မိတ်ဆက်ရှင်းလင်းပွဲတွင် OK Myanmar Co.,Ltd. Managing Director ဦးကျော်ကျော်လှိုင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ခရီးသွားလုပ်ငန်းတိုးတက်ရေးဆိုင်ရာ ရွှေနေခြည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၂၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်ရန်အတွက် ရွှေနေခြည်မဂ္ဂဇင်းအား ၂၀၀၆ခုနှစ် နှစ်ကုန်ပိုင်း၌ ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဒုတိယအကြိမ်အဖြစ် ရွှေနေခြည်မဂ္ဂဇင်းကို ထပ်မံထုတ်ဝေမည်ဖြစ်ပြီး ရည်ရွယ်ချက်မှာ ခရီးသွားဆိုင်ရာလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးသွားအသိပညာသုတဖြန့်ဖြူးရန်နှင့် ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များကို မြန်မာနိုင်ငံကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း ပျံ့နှံ့သိရှိစေရန်ဖြစ်သည်။

အဆိုပါ မဂ္ဂဇင်း၌ခရီးသွားမှတ်တမ်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနစာတမ်းများ၊ ဆောင်းပါးများ၊ ဝတ္ထုတို၊ ကဗျာနှင့် ကာတွန်းစသည်ဖြင့် သုတ၊ ရသ ကဏ္ဍစုံလင်စွာပါဝင်မည်ဖြစ်ပြီး ပါဝင်ရေးသားလိုသော စာမူရှင်များအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း သတင်းနှင့် ပြန်ကြားရေးကောင်တာ (Information Counter) အမှတ် (၇၇/၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၂၈၅၉၊ ၀၁-၃၇၈၃၇၆ သို့ စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား ပေးပို့ရန်ဖြစ်ကြောင်းနှင့် မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် ဩဂုတ် ၂၅

သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီခန့်တွင် ဘုတ်ပြင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ဦးထွန်းမောင်၏ သား မောင်ထွန်းလင်း အသက်(၂၀)နှစ်သည် အဖော်ဖြစ်သူ ချောင်းသာရှူးကျေးရွာမှ မောင်ကျော်သန်းလွင်နှင့် ဟင်းသီးဟင်းရွက်နှင့် သားငါးရှာရန် တောတွင်းသို့သွားရောက်စဉ် နန်တာဖရောင် ရွာပျက်အနီးအရောက်၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ မောင်ထွန်းလင်း၏ ညာဘက်ခြေထောက် ဒူးအထက်မှပြတ်ကာ သွေးထွက်လွန်ပြီး အဆိုပါနေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

NLD ပါတီ၏ လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့သဖြင့် ပုသိမ်နှင့် နေပြည်တော် ပျဉ်းမနားမြို့နယ်တို့မှ ပါတီဝင်လေးဦးနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၅

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ဦးဉာဏ်ဝင်းနှင့် ဦးဝင်းမြတ်တို့သည် ဩဂုတ် ၁၇ ရက်တွင်လည်းကောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ထွန်းထွန်းဝင်း(ခ) ထွန်းထွန်းဝင်းအောင်နှင့် ကျော်ကျော်ထွန်း (ခ) ကျော်စိုးတို့သည် ဩဂုတ် ၂၀ရက်တွင်လည်းကောင်း ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ပုသိမ်မြို့နယ်နှင့် နေပြည်တော်ပျဉ်းမနားမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့သည် NLDပါတီ၏ လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့ကြောင်း၊ ပါတီနှင့် ပါတီခေါင်းဆောင်တို့အပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

တိပိဋကထိန်လင်းစာသင်တိုက် အတွင်းအပြင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဩဂုတ် ၂၅

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန္တလေးတောင် အနောက်ဘက်စောင်းတန်းအနီးရှိ တိပိဋကထိန်လင်းစာသင်တိုက် အတွင်းအပြင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ရက် နံနက်၁၀နာရီခွဲက အဆိုပါစာသင်တိုက်ရှေ့ရှိ မုခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့တိပိဋကထိန်လင်းစာသင်တိုက်ပဓာနနာယက ဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တကုမာရဘိဝံသ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၃၀၀ကျော် တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အစီအစဉ်အရ တိုင်းမှူးနှင့် ဧည့်ပရိသတ်များသည် လမ်းသစ်ထိပ်မုခ်ဦးရှေ့ရှိ သတ်မှတ်နေရာတွင် နေရာယူကြပြီး ထိန်လင်းစာသင်တိုက်မှ ပဓာနနာယက ဆရာတော်တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တကုမာရပါလ၊ တိပိဋကဓရ ဥဇုသီလက္ခန္ဓာဘိဝံသနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အဆိုပါ တိပိဋကထိန်လင်းစာသင်တိုက် အတွင်းအပြင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်လှစ်ခြင်း ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းမှူး၊ ဆရာတော်များနှင့် မြို့တော်ဝန်တို့က ကမ္ပည်းမော်ကွန်းကျောက်စာကို သပြေခက်ဖြင့် အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။ ထို့နောက် တိပိဋကဓရ နိကာယအဖွဲ့ (မန္တလေး)ဥက္ကဋ္ဌ ဦးကျော်မြင့်က တိုင်းမှူးအား ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ပတ်သက်သည့် အောင်မြင်ခြင်းအထိမ်းအမှတ်အလံ ပေးအပ်သည်။ ဆက်လက်၍ တိပိဋကထိန်လင်းစာသင်တိုက် အကျိုးတော်ဆောင် ဦးထွန်းအောင်ကျော်က မြို့တော်ဝန်ထံ ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ပတ်သက်သည့် အောင်မြင်ခြင်း အထိမ်းအမှတ်အလံ ပေးအပ်သည်။ ထို့နောက် တိပိဋကဆရာတော်များ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် ကတ္တရာလမ်း ဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့များသည် အဆိုပါကတ္တရာလမ်းမုခ်ဦးထိပ်တွင် အမှတ်တရဓာတ်ပုံများ စုပေါင်း ရိုက်ကူးကြသည်။ ဆက်လက်၍ တိပိဋက ဆရာတော်များ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ကတ္တရာလမ်းသစ်တစ်လျှောက် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် တိပိဋကဆရာတော်များနှင့် ပင့်သံဃာတော်များ၊ စာသင်သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်ကြသည်။ ယနေ့ ဖွင့်လှစ်သည့် တိပိဋကထိန်လင်းစာသင်တိုက် ကိုယ့်အားကိုယ်ကိုး အတွင်းအပြင် ကတ္တရာလမ်းသည် တိပိဋက ဆရာတော် ဘဒ္ဒန္တကုမာရပါလ၏ သက်တော် (၄၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ကတ္တရာလမ်းအကျယ်မှာ ၁၂ပေဖြစ်ကာ လမ်းအရှည်မှာ ပေ ၁၄၀၀ ဖြစ်သည်။

ပညာသင်ကြားလျက်ရှိ

အဆိုပါစာသင်တိုက်သည်မန္တလေးမြို့၏ ဆိတ်ငြိမ်ရာနေရာတွင် တည်ရှိပြီး ၂၀၀၄ခုနှစ်တွင် စတင် တည်ထောင်ဖွင့်လှစ်ခဲ့သည်။ စတင်တည်ထောင်စဉ်က မွှာစရိယ စာသင်သံဃာ ၁၁ ပါးရှိပြီး ယခုအခါ မွှာစရိယစာသင်သံဃာ ၄၂ ပါး ပညာသင်ကြားလျက်ရှိသည်။

ကျောင်းဝင်းအကျယ်မှာ ၂ ဒသမ ၅ ဧက ကျယ်ဝန်းပြီး စာသင်တိုက်နှင့် ဆက်စပ်လျက်ရှိသည့် လမ်းများကိုလည်း ဆက်လက်ခင်းကျင်းရန် စီစဉ်ထားကြောင်းနှင့် ယနေ့ဖွင့်လှစ်သည့် လမ်း၏ ကုန်ကျငွေမှာ ဆရာတော်၊ သံဃာတော်များနှင့် အလှူရှင်ဒါယကာ၊ ဒါယိကာမများ၏ ထည့်ဝင်ငွေနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ စိုက်ထုတ်သုံးစွဲငွေ အပါအဝင် စုစုပေါင်းငွေကျပ် ၇၅၄၄၃၀၀ ကုန်ကျခဲ့ပြီး ၂၀၀၇ခုနှစ် ဧပြီရက်တွင် လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နတ်မောက်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက် သိင်္ဂီဦးကျောင်း ပဓာန ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒောဘာသအား အမှူးထား၍ နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ နတ်မောက်မြို့နယ်ဖွား နာယကဆရာတော်ကြီးများနှင့် အကျိုးတော်ဆောင် ဆရာတော်များအား (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ သာဓုပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူအသင်းသားများ၊မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့်သင်္ကန်း၊လှူဖွယ်ပစ္စည်းနှင့်ဝတ္ထုငွေ လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တဥက္ကံသ ဖုန်း-၅၁၂၀၆၆၊ ဦးအောင်သန်း ဖုန်း-၅၇၂၄၆၉၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးထွန်းညွန့် ဖုန်း-၅၃၇၁၂၂၊ ဦးစိုးမြင့် ဖုန်း-၃၈၀၅၁၁၊ ဦးအောင်သန်းထွန်း ဖုန်း- ၅၄၃၉၁၁၊ ဦးမြင့်ဆောင် ဖုန်း-၃၉၃၀၇၂နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သရက်ချောင်းတွင် ပန်းအလှပင်စိုက်ပျိုး

သရက်ချောင်းမြို့ မြို့မရပ်ကွက် ရှင်တောင်ပုလမ်း စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် လမ်းဘေးဝဲယာတစ်လျှောက် ကြက်ဆူပင်နှင့်ပန်းအလှပင်မျိုးစုံစိုက်ပျိုးခြင်းလုပ်ငန်းကို ဩဂုတ် ၁ ရက်က သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများ၊ အသင်းဝင်များ စုပေါင်းစိုက်ပျိုးဆောင်ရွက်ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

အသိပညာပေးဟောပြောပွဲ ခင်ဦးမြို့၌ ကျင်းပ

ရှွေဘိုခရိုင်အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူးကျင်းပသည့် အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၅ ရက် နံနက်၁၀နာရီက ခင်ဦးမြို့ အောင်ချမ်းသာရပ် မြို့လယ်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းက အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်ဦးက မူးယစ်ဆေးဝါးနှင့် ဆေးလိပ်အန္တရာယ်ကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်တင်ကအမျိုးသမီးများအားကာကွယ်စောင့်ရှောက်သည့် အခွင့်အရေးဆိုင်ရာကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာစမ်းစမ်းမြင့်က သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးကိုလည်းကောင်း ဟောပြောကြသည်။ (က-ပ)

ရောင်ခြည်ဦးစာကြည့်တိုက် အုတ်မြစ်စီ

ဒီပဲယင်းမြို့နယ် မကြီး ဓောက်ကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံ အုတ်မြစ်ချအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက်က ကျေးရွာရုံးအနီး မြေကွက်လပ်တွင် ကျင်းပရာ ကျေးရွာ ဥက္ကဋ္ဌ ဦးစိန်တိုးက ပန္နက်တင်ပေးပြီး စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များက အုတ်မြစ်စီပေးကြသည်။ အဆောက်အအုံမှာ အလျား၃၆ပေ၊ အနံ ၁၅ပေ၊ အမြင့် ၁၀ပေရှိ အာရ်စီတိုက်ဖြစ်ကြောင်း သိရသည်။(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး ရေနံချောင်း၌ ခြင်ဆေးဖျန်း

ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ပိုးလောက်လမ်းများ၊ ခြင်များ ပေါက်ပွားခြင်းမှ ဟန့်တားနှိမ်နင်းရန် ရေနံချောင်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ရပ်ကွက်များနှင့်အဖွဲ့ပိုင်ဈေးများအတွင်း ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို ဩဂုတ် ၂၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးတို့က အနီးကပ်ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (က-ပ)

မြန်မာ့အလင်း

ပြည်တွင်း

သတင်း

အတိုအထွာ

ကျောက်တံခါးစည်ပင် အမှုဆောင်အရာရှိ မြို့မဈေးစစ်ဆေး

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း စားသောက်ဆိုင်နှင့် သားငါးအရောင်းဆိုင်များ ကျန်းမာရေးနှင့်ညီညွတ်စွာ ရောင်းချနိုင်ရေးအတွက် ယင်လုံဆန်ခါဖြင့် သန့်ရှင်းလတ်ဆတ်စွာ စနစ်တကျ ရောင်းချမှုရှိ၊မရှိကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဦးနှင့်အဖွဲ့ ဩဂုတ် ၃ရက်က သွားရောက် ကြည့်ရှုစစ်ဆေးရာ ဒုတိယဦးစီးမှူး(အခွန်)ဒေါ်နီလာနှင့် ဈေးတာဝန်ခံတို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အခြေခံရှေးဦးပြုစုခြင်းနှင့် မီးသတ်ပညာသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ကြီးမှူးဖွင့်လှစ်သော အခြေခံရှေးဦးပြုစုခြင်းနှင့် မီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၇)နှင့်(၂/၂၀၀၇)ဆင်းပွဲတို့ကို ဩဂုတ် ၂၁ရက်က မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မော်လမြိုင်မြို့နယ် မီးဘေးတားဆီးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပထမဆုရ ဇေယျာသီရိရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင် တပ်ကြပ်ကြီး တင်အောင်အားလည်းကောင်း**(အပေါ်ပုံ)**၊ မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် ဦးစီး(ပထမတန်း)ဦးကျော်မြင့်က ဒုတိယဆုရ ကွင်းရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် တပ်ကြပ်ကြီး ချိုတူးအားလည်းကောင်း၊ မော်လမြိုင်မြို့နယ် ကြက်ခြေနီအသင်းမှ ဒုတိယတပ်ရင်းမှူး ဦးအေးမင်းက တတိယဆုရ မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းအမှတ်(၂)မှ တပ်သားနိုင်နိုင်ဇော်အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြပြီး သင်တန်းဆင်းလက်မှတ်ကို မွန်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဝင် ဦးစီး(ပထမတန်း) ဦးကျော်မြင့်က ပေးအပ်ရာ မုပွန်ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ဒုတိယတပ်ခွဲမှူးဦးစိန်လွင်က လက်ခံယူကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးသင်တန်းဖွင့်

ချင်းပြည်နယ် ဖလမ်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးဆောင်မှုဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၀ရက်က ဖလမ်းမြို့ မြို့နယ်ခန်းမဆောင်တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ရဲမှူးဇော်ဝင်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာနေဝင်းတို့က အမှာစကားပြောကြားကြပြီး သင်တန်းတွင် ဒေါက်တာနေဝင်း၊ ဒေါက်တာသန်းနိုင်တို့က ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံရေးနှင့် ကောင်းမွန်သော မွေးမြူရေးအလေ့အကျင့်ဆိုင်ရာများပို့ချရာ သင်တန်းသား၆၀တို့ တက်ရောက်ကြောင်း သိရသည်။(ခရိုင် ပြန်/ဆက်)

မိုးနဲမြို့ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်း

မိုးနဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး ကျင်းပသော မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၂၀ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ကျင်းပရာ ဌာနဆိုင်ရာများနှင့် ပြည်သူများလှူဒါန်းသည့် ဂျာနယ်မဂ္ဂဇင်း မျိုးစုံ ၁၂၀၀ကို မြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့်ကလည်းကောင်း၊ မြို့နယ်မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်း မန်နေဂျာဦးကျော်ကျော်က ဂျာနယ်စောင်ရေ ၁၀၀၀ကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မောက်မယ်မြို့နယ်ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းသည့် ဂျာနယ်မျိုးစုံ ၃၀၀ကို ဦးစီးမှူးဦးအောင်သာကလည်းကောင်း၊ ရန်ကုန်မြို့နေ ဦးဝင်းမြင့်၊ ဒေါ်နီနီတင် မိသားစုက လှူဒါန်းသည့် မဂ္ဂဇင်းအုပ်၃၀နှင့် ဂျာနယ်မျိုးစုံ၅၀၀ကို မအေးသူသူအောင်ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဇူလိုင် ၃၁ရက်က မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စိုက်ခင်းတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်စိုက်ဧက ၁၅ဧက ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးရာ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေတို့က ရှင်းလင်းတင်ပြစဉ်။ (၁၆၈)

ဦးသိန်းဟံ(တရားရုံးချုပ်ရှေ့နေ)–ဇနီး ဒေါ်သန်းနွဲ့အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ၅၃လမ်း အမှတ် ၃၁ အခန်းအမှတ် ၇ (C)နေ တူ၊တူမ၊ မြေးများက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်း တော် ကြီး အတွက် အလှူငွေကျပ်ငါးသိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ရေး နေရောင်ခြည်စွမ်းအင်စနစ်သုံး အချက်ပြမီးပွိုင့်များတပ်ဆင်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဦးကျော်စိုး၊ ဦးညီညီနှင့် ဌာနမှူးများလိုက်ပါ၍ ယမန်နေ့နံနက်က ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံသို့ ရောက်ရှိပြီး မဟာဗန္ဓုလလမ်းတစ်လျှောက် လမ်းဘေးမြေအောက် ရေနုတ်မြောင်းရေစီးရေလာကောင်းမွန်စေရန် အမှိုက်သရိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ လမ်းရေဆင်းနှာပေါက်နှင့် ကတ်တုံးများဘေးရှိ ခဲ၊ သဲ၊ အမှိုက်သရိုက်များ သိမ်းဆည်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ဗိုလ်တထောင်မြို့နယ်ရှိ ကုန်သေတ္တာ ပစ္စည်းသိုလှောင်ရုံရှေ့ ကမ်းနားလမ်းဘေး ရေနုတ်မြောင်းနှင့် စန္ဒကူးလမ်းမြစ်ထွက်ပေါက်ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် အမှိုက်သရိုက်နှင့်နုန်းများဆယ်ယူရှင်းလင်းနေမှုကိုကြည့်ရှုပြီး လမ်းဘေးရေနုတ်မြောင်းနှင့် မြစ်ထွက်ပေါက်ရေနုတ်မြောင်းများ ရေစီးဆင်းမှုကောင်းမွန်စေရန်၊ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် ပြည်လမ်းနှင့်ပါရမီလမ်းဆုံယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးတို့အတွက် နေရောင်ခြည်စွမ်းအင်(ဆိုလာ)စနစ်သုံး အချက်ပြမီးပွိုင့်တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ရန်ကုန်မြို့တွင်းရှိယာဉ်သွားလမ်းဆုံများ၌ဆက်လက်တပ်ဆင်ဆောင်ရွက်ထားရှိရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ မရမ်းကုန်းမြို့နယ်၇မိုင်ခွဲရှိ တေးနယဉ်လမ်းအနီး ပြည်လမ်းဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် အမှိုက်သရိုက်၊ ခဲ၊ သဲများ ဆယ်ယူရှင်းလင်း နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအားလိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လမ်းမတော်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်အတူ စာဖတ်ဝိုင်း အခမ်းအနားကို ဇူလိုင်၁၆ရက်က အမှတ်(၅)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သုတပန်းခင်း စာကြည့်တိုက်တွင် ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

နေပြည်တော် သပြေကုန်းဈေးရှိ Asia Light Super Market အရောင်းဆိုင်ဖွင့် အဝတ်အထည်ပစ္စည်းမျိုးစုံ ရောင်းချပေး

နေပြည်တော် ဩဂုတ် ၂၅

နေပြည်တော် သပြေကုန်းဈေးရှိ Asia Light Super Market အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲက အဆိုပါ နေပြည်တော် သပြေကုန်းဈေးရှိ Asia Light Super Market အရောင်းဆိုင် ရှေ့၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ဌာနကြီးမှူး ဦးစောလွင်နှင့် Asia Light Co.,Ltd. အထွေထွေမန်နေဂျာ ဦးစိန်သောင်းတို့က Asia Light Super Market အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှည့်လည်ကြည့်ရှု

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့်အဖွဲ့ဝင်များက အရောင်းဆိုင်အတွင်းလှည့်လည်ကြည့်ရှုကြသည်။

ရောင်းချပေး

အဆိုပါ Asia Light Super Market အရောင်းဆိုင်သည် Asia Light Co.,Ltd. ၏ ကိုးခုမြောက် အရောင်းဆိုင်ဖြစ်ပြီး အလှကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စာရေးကိရိယာ၊အိမ်အသုံးအဆောင်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း အမျိုးမျိုး၊ ဆေးမျိုးစုံ၊ စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် အဝတ်အထည်မျိုးစုံတို့ကိုရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသား၊ အချုပ်သားများအား အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများလှူဒါန်း နှစ်သိမ့်အားပေး၊ လူမှုရေးကူညီစောင့်ရှောက်မှုပေး

ရန်ကုန် ဩဂုတ် ၂၅

ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ကန့်ဘလူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ရွှေဘိုအကျဉ်းထောင်ရှိ အကျဉ်းသား၊ အချုပ်သားများအား စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ဂျာနယ်များလှူဒါန်းခြင်း အခမ်းအနားကို ၂၀၀၇ ခုနှစ် ဩဂုတ်၁၉ရက် နံနက်၈နာရီက ရွှေဘိုအကျဉ်းထောင်ခန်းမ၌ကျင်းပရာ ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မောင်ကြည်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေဘိုခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ရွှေဘိုမြို့ပေါ်ရှိ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့်က လှူဒါန်းရခြင်းနှင့် ဆက်လက်လှူဒါန်းမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ရွှေဘိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးညွန့်ဝေက ကျေးဇူးတင်စကား ပြောကြားသည်။ဆက်လက်၍ ကန့်ဘလူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့နှင့် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှပစ္စည်းများလှူဒါန်းကြရာ ရွှေဘိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးညွန့်ဝေက လက်ခံယူသည်။ **(အပေါ်ပုံ)** လှူဒါန်းသော ပစ္စည်းတန်ဖိုးမှာ စုစုပေါင်း ငွေကျပ်၃၇၂၅၀၀ ဖြစ်ကြောင်း သိရသည်။

လူမှုရေးကူညီစောင့်ရှောက်မှုပေး

ဆက်လက်ပြီး ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့်အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ရွှေဘိုအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အချုပ်သားများအား နှစ်သိမ့်အားပေးခြင်း၊ လူမှုရေး ကူညီစောင့်ရှောက်မှုပေးခြင်း၊ မိဘဆွေမျိုးများထံ စာရေးသား ဆက်သွယ်နိုင်ရန် ကူညီပေးခြင်းတို့ကို ပြုလုပ်ပေးကြပြီး မြန်မာနိုင်ငံ ဆရာဝန်များအသင်း(ရွှေဘို)မှ အကျဉ်းသား၊အကျဉ်းသူ ၃၅ဦးနှင့် ဦးဇော်ဇော် (တိုင်းရင်းဆေးသမားတော်) ရုပ်ပျို တိုင်းရင်းဆေးကလူနာ ၇၃ဦးတို့အား ဆေးကုသခြင်း၊ ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း သိရသည်။

(ခရိုင် ကြံ့ခိုင်ဖွံ့ဖြိုးရေး)

မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ချန်ပီယံမြန်မာ့လက်ရွေးစင်အသင်း အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဩဂုတ် ၂၅

၂၀၀၇ခုနှစ် (၃၉)ကြိမ်မြောက် မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ည ဒေသစံတော်ချိန် ၇ နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပသည်။

အနိုင်ဂိုး

ပြိုင်ပွဲတွင် (က)အုပ်စုမှ လက်ရှိ ချန်ပီယံ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် လာအိုလက်ရွေးစင်ဘောလုံးအသင်းတို့ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာအသင်းအတွက် အနိုင်ဂိုးကို ပထမပိုင်းတွင် ရန်ပိုင်က သွင်းယူပေးခဲ့သည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် အုပ်စု(က)တွင် သုံးပွဲကစား သုံးပွဲနိုင်ကိုးမှတ်ဖြင့် အုပ်စုပထမ ရရှိခဲ့ပြီး အကြိုဗိုလ်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ပထမအကြိုဗိုလ်လုပွဲ

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ဩဂုတ် ၂၇ ရက်တွင် ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် အုပ်စု(ခ)မှ ဒုတိယရရှိသည့် ဇင်ဘာဘွေလက်ရွေးစင်ဘောလုံးအသင်းနှင့် ဒေသစံတော်ချိန် ညနေ၅နာရီတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်တရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ၁၃၆၉ခုနှစ်(ဝါခေါင်လပြည့်) ဩဂုတ်၂၈ရက်(အင်္ဂါနေ့) ည၇နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇဝန္တက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား ချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်လမ်း ဂျင်းကျောက်ခင်းခြင်း ပြီးစီးမှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၅

ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်လုပ်ငန်းဖြစ်သော လောင်းမင်းဒေသကျေးလက်လမ်း ဂျင်းကျောက်ခင်းခြင်းဆောင်ရွက်ပြီးစီးမှုအား ဩဂုတ် ၂၀ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကြည့်ရှုစစ်ဆေးရာတွင် အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆိုင်တို့က ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါလမ်းကို ခွင့်ပြုရန်ပုံငွေ ကျပ် ၄၁သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အိန္ဒိယ၌ဗုံးပေါက်ကွဲ ၂၈ဦးသေဆုံး

နယူးဒေလီ ဩဂုတ် ၂၅

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော် တောင်ဘက် မိုင်၇၈၀အကွာ ဟိုက်ဒရာဘတ်မြို့တွင် ဩဂုတ်၂၅ရက်က ဗုံးပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၈ဦးသေဆုံးပြီး ၅၀ဒဏ်ရာရခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံး

ပေါက်ကွဲမှုတစ်ခုမှာ လုမ္ဗိနီဥယျာဉ်အတွင်း ဖြစ်ပွားခဲ့ပြီး ငါးဦးသေဆုံးခဲ့ကြောင်း၊ အခြားတစ်ခုသည် မည်သည့်နေရာတွင် ဖြစ်ပွားသည်ကို မသိရသေးကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် ဩဂုတ်လအတွက်နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

၂၆-၈-၂၀၀၇ ရက်

၂၀၀၇ ခုနှစ် စက်တင်ဘာလအတွက်

၉-၉-၂၀၀၇ ရက်နှင့် ၃၀-၉-၂၀၀၇ ရက်

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သွေးပေါင်ထိန်းသည့်နည်းသစ် သိပ္ပံပညာရှင်များတွေ့ရှိထားပြီ

လန်ဒန် ဩဂုတ် ၂၅

သွေးပေါင်ထိန်းညှိပေးသည့် နည်းသစ်တစ်ရပ်ကို ဗြိတိသျှသိပ္ပံပညာရှင်များက တွေ့ရှိဖော်ထုတ်နိုင်ပြီဖြစ်သဖြင့် လေဖြတ်ရောဂါနှင့် နှလုံးရောဂါများ တိုက်ဖျက်ရေးတွင် ဆေးဝါးအသစ်များ ဖော်စပ်နိုင်မည်ဟု မျှော်လင့်ရသည်။

ဖြစ်ပွား

အစွမ်းထက်ဆေးများအလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း အနည်းငယ်သာလျှင် သွေးပေါင်တိုးမှုကို လိုအပ်သလိုထိန်းညှိပေးနိုင်သည်။ သွေးတိုးရောဂါသည် လူလေးဦးလျှင် တစ်ဦးကျ ဖြစ်ပွားသည့်ရောဂါဖြစ်သည်။

လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသီများ တွေ့ရှိသည့် နည်းသစ်တွင် ဓာတ်တိုးခြင်းလုပ်ငန်းစဉ်တစ်ခု ပါဝင်သည်။

ဖော်ထုတ်

ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်ကဲ့သို့သော ဓာတ်တိုးပစ္စည်းက အမိုနိုအက်စစ်နှစ်မျိုးကိုထုတ်ပေးပြီး ၎င်းတို့က တစ်ဖန် ဇီဝကလာပ်စည်းစုတွင်

အရေးပါသော ပီကေဂျီပရိုတိန်းကို ထုတ်ပေးသည်။ ယင်းက သွေးပေါင် တိုးခြင်းကို ချပေးကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ခြင်းဖြစ်သည်။ ။

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၅

တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်းတို့ကို ဩဂုတ် ၁၂ ရက် နံနက် ၁၁နာရီက (၁၃)ရပ်ကွက် ယသဝတီလမ်းရှိ အောင်မြေလူထုဓမ္မာရုံကြီး၌ကျင်းပရာ စာကြည့်တိုက်ဖွင့်ပွဲကို မြို့နယ်ဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် (၁၃)ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်သန်းနွဲ့က စာပေ၏တန်ဖိုးအကြောင်းကို ဟောပြောပြီး စာဖတ်ဝိုင်းကျင်းပရာ ချစ်နိုင်(စိတ်ပညာ)၏ ခေါင်းဆောင်လက်စွဲအခန်း(၁)ကို ဒေါ်ခင်သက်ဝေက ဖတ်ကြားသည်။

(မြို့နယ် ပြန်/ဆက်)

လီဗာပူးတို့ ဆန်းဒါးလန်းကို နှစ်ဂိုးပြတ်နိုင် ဝင်းဂါးက အဲရစ်ဆင်ကို တစ်ဂိုး-ဂိုးမရှိဖြင့် သုံးမှတ်ယူ

သတင်းမှတ်စု မောင်ချစ်ကြည်

လန်ဒန် ဩဂုတ် ၂၅

ပရီမီယာလိဂ်ပွဲစဉ်(၄)ကို ဩဂုတ် ၂၅ ရက်က ဆက်လက်ကစားရာ လီဗာပူးတို့ အဝေးကွင်း၌ ဆန်းဒါးလန်းကို နှစ်ဂိုးပြတ်သွင်းယူပြီး နိုင်ပွဲဆက်ခဲ့သလို ရွိုင်ကိန်း၏ ဆန်းဒါးလန်းအသင်းလည်း ရှုံးပွဲဆက်တိုက်ကြုံတွေ့ခဲ့ရပြန်သည်။

ဆန်းဒါးလန်းနှင့် လီဗာပူး

ဗိုရိုနင်၊ တောရက်စ်နှင့် ဘာဘယ်လ် တိုက်စစ်အတွဲကို ဘင်နီတက်ဇ် ထုတ်သုံးခဲ့သဖြင့် ဆန်းဒါးလန်း နောက်တန်းကို မွှေနှောက် ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ လီဗာပူး အလယ်တန်းတွင် ဂျရတ် မပါရှိသော်လည်း အလွန်ဆို၊ ပီနန့်နှင့် စစ်ဆိုကိုတို့က ကွင်းလယ်ကစားကွက်ကို စိုးမိုးနိုင်ခဲ့ပြီး တိုက်စစ်အတွက် ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ခဲ့သဖြင့် လီဗာပူးတို့ ဂိုးသွင်းခွင့် အခွင့်အရေးများ ရရှိခဲ့သည်။

ရွိုင်ကိန်းကလည်း ဆန်းဒါးလန်းကို ၄း၃း၃ ပုံစံဖြင့် ခင်းကျင်းကာ တိုက်စစ်တွင် ဒွိုက်ယော့၊ မူရာဖီနှင့် မိုက်ကယ်ချောပရာတို့ကို ထားရှိကစားစေခဲ့သည်။ ဆန်းဒါးလန်း တိုက်စစ်မှူးများ တိုက်စစ်ကို လီဗာပူးတို့က ကွင်းလယ်မှပင် ဖြတ်တောက်ဟန့်တားခဲ့သလို လီဗာပူးခံစစ်မှူးများဖြစ်သည့် ဟစ်ပီယာ၊ စတီဖင်နန်၊ ကာရက်ဂါနှင့် အဘီလိုရာတို့ကိုလည်း ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ခဲ့ချေ။

ကစားကွက် အသားစီးဖြင့် တိုက်စစ်ဆင်ကစားခဲ့သော လီဗာပူးသည် ပွဲချိန် ၃၇မိနစ်၌ အလွန်ဆို ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဗိုရိုနင်က အလိုက်သင့် ခင်းပေးလိုက်ရာ စစ်ဆိုကိုက အပိုင်ကန်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ ဂိုးစတင်ရရှိခဲ့သည်။ စစ်ဆိုကိုလည်း ၇၅ပွဲ ဂိုးမသွင်းနိုင်မှု အဆုံးသတ်သွားသည်။

လီဗာပူးအတွက် ဒုတိယဂိုးကို ပွဲချိန် ၈၇ မိနစ်၌ လီဗာပူးတိုက်စစ်မှူး ဗိုရိုနင်က အနီးကပ်သွင်းခဲ့သဖြင့် လီဗာပူးတို့ နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဆန်းဒါးလန်းနှင့် လီဗာပူးတို့ပွဲတွင် လီဗာပူး ကွင်းလယ်ကစားသမား စစ်ဆိုကို ဂိုးသွင်းနိုင်ရေး ဤသို့ ကြိုးစားခဲ့သည်။ (အင်တာနက်)

ချယ်လ်ဆီးနှင့် ပို့စ်မောက်

အိမ်ကွင်းဖြစ်သော်လည်း ချယ်လ်ဆီးတို့ အမာခံဘောလုံးသမားများ အကုန်ထုတ်သုံးခဲ့သည်။ တိုက်စစ်တွင် ပီဇာရိုနှင့် ဒရော့ဘာတို့က ပို့စ်မောက် နောက်တန်းကို အကြိမ်ကြိမ် ဖြတ်ကျော်ကာ ဂိုးသွင်းရန်ကြိုးစားခဲ့သည်။ ပို့စ်မောက် ခံစစ်မှူးများဖြစ်သည့် ဆိုးလ်ကမ်းဘဲလ်၊ ဒစ်စတင်နှင့် လောရင့်တို့က ဟန့်တားနိုင်ခဲ့သော်လည်း ပွဲချိန် ၃၁ မိနစ်၌ ဖရန့်လမ်းပတ်က ချယ်လ်ဆီးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူသွားခဲ့သည်။

ပို့စ်မောက်တို့ ချယ်လ်ဆီးကို ခြေရည်တူ ကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် ကနူး၊ တေလာနှင့် ဒေးဗစ်တို့ အဆုံးသတ် မပိုင်ခဲ့၍ ချေပဂိုး မရရှိခဲ့ခြင်းဖြစ်သည်။ ပို့စ်မောက်တို့ ဂိုးသွင်းရန် အခွင့်အရေး ၁၈ကြိမ် ရရှိခဲ့သော်လည်း အပိုင်ကန်သွင်းခွင့် နှစ်ကြိမ်သာ ရရှိခဲ့သည်။ ပို့စ်မောက်တို့ မာမာတင်းတင်း ကစားခဲ့၍ ချယ်လ်ဆီးတို့ ကံကောင်းစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်နှင့် မန်စီးတီး

အာဆင်နယ်တို့ အိမ်ကွင်း၌ မန်စီးတီးကို ခြေအသာနှင့် ကစားနိုင်ခဲ့သည်။ ဗန်ပါစီနှင့် အဒီဘာယော တိုက်စစ်အတွဲက မန်စီးတီး နောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့ပြီး အပိုင်ဂိုးသွင်းခွင့် ၁၀ကြိမ် ရရှိခဲ့သည်။ ဖာဘရီဂတ်စ်၊ ဖလာမီနီနှင့် ရိုဆစ်စကီးတို့က တိုက်စစ်ကို ပံ့ပိုးခဲ့မှုကြောင့် မန်စီးတီးနောက်တန်းခံစစ်မှူးများ အမှားအယွင်းများ ဖြစ်ကာ ၆၇မိနစ်၌ ပယ်နယ်တီ အပေးခံရသော်လည်း ဗန်ပါစီက ဝင်အောင် မကန်သွင်းနိုင်ခဲ့၍ မန်စီးတီးတို့ သက်သာခဲ့သည်။ သို့သော် ပွဲချိန်မိနစ် ၈၀တွင် ဖာဘရီဂတ်စ်က ဂိုးသွင်းယူခဲ့သဖြင့် ယင်းတစ်ဂိုးတည်းဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အဲရစ်ဆင်၏ မန်စီးတီးတို့ ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

အက်စတွန်ဗီလာ	၂ - ၁	**ဖူလ်ဟမ်**
ဒါဘီ	၁ - ၂	**ဘာမင်ဂမ်**
ဘော်လ်တန်	၃ - ၀	**ရက်ဒင်း**
ဝက်စ်ဟမ်း	၁ - ၁	**ဝီဂန်**
အဲဗာတန်	၁ - ၁	**ဘလက်ဘန်း။**

(အင်တာနက်)

ချယ်လ်ဆီးနှင့် ပို့စ်မောက်တို့ပွဲတွင် ချယ်လ်ဆီး ကွင်းလယ် ကစားသမား ဖရန့်လမ်းပတ် ဤသို့ ထိုးဖောက် ကစားခဲ့သည်။ (အင်တာနက်)

၈၈ အရေးအခင်းကာလကို ပြန်ကြည့်ရင် ပြည်သူက တစ်ပါတီစနစ်ကို မလိုချင်ဘူး၊ ဒီမိုကရေစီစနစ်ကို လိုချင်တယ်။ ဆိုရှယ်လစ်စီးပွားရေးကိုမကြိုက်ဘူး၊ ဈေးကွက်စီးပွားရေးကို ကြိုက်တယ်။ ဒါကြောင့် အရေးအခင်း အဦးပိုင်း ကာလတွေမှာ ပြည်သူက ဒါကိုပဲတောင်းခဲ့တယ်။

တကယ်တော့ သူတို့လိုချင်တာ ဒီမိုကရေစီမဟုတ်ပါဘူး။ လူထုကိုသာ ဒီမိုကရေစီရေးအော်ခိုင်းနေပေမယ့် သူတို့ လိုချင်တာက "အာဏာ"ပါ။ ကြားဖြတ်အစိုးရဖွဲ့ပြီး အာဏာ လက်ထဲရောက်လာဖို့ပါ။ နိုင်ငံနဲ့ ပြည်သူရဲ့ဆန္ဒကို မငဲ့ကွက်ဘဲ ပေးလာတဲ့ ဒီမိုကရေစီကို ငြင်းပြီး မရနိုင်တဲ့ အာဏာကိုသာ အတင်းတောင်းခဲ့ကြတာပါ။ ဒါတွေကို ကျွန်တော်တို့ပြည်သူအားလုံးက သိပြီးသားဖြစ်ပါတယ်။

အဲဒီတုန်းကသာ တပ်မတော်က အချိန်မီ ဝင်မထိန်းခဲ့ရင် ဘာတွေ ဆက်ဖြစ်ဦးမယ်ဆိုတာ ကျွန်တော်တော့ အတွေးနဲ့တောင် မတွေးရဲပါဘူး။ ၈၈ အရေးအခင်းကို ကောင်းကောင်းသိမီ ဖြတ်သန်းခဲ့ရတဲ့ ကျွန်တော်တို့တွေကတော့ အရေးအခင်းဆိုတာကို လေသံတောင် မကြားချင်တော့တာ အမှန်ပါ။ ဒါမှ လူထုဆန္ဒအစစ် အမှန်ပါ။ ဘယ်သူမှ ဒါမျိုးနောက်တစ်ကြိမ် ထပ်ပြီး ကြုံချင်ကြမှာ မဟုတ်ပါဘူး။

ဆန့်ကျင်ရေး သံသရာက

ကျွန်တော်တို့ နိုင်ငံတော်ရဲ့အနာဂတ်အတွက် ခိုင်မာလုံခြုံစိတ်ချရမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာအောင် အခြေခံအုတ်မြစ်ကို အခိုင်အခံ့တည်ဆောက်ပေးနေတဲ့ အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင်ပြီးမြောက်ဖို့ နီးသည်ထက်နီးလာပါပြီ။ သမိုင်းမော်ကွန်းတင်ရမယ့် ဒီအမျိုးသားရေးအောင်ပွဲကြီးအတွက် ကျွန်တော်တို့ပြည်သူအားလုံးမှာ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမဆုံးတပြုံးပြုံးပေါ့။ ဒီလိုမင်္ဂလာအပေါင်း ခညောင်းပြည့်စုံနေတဲ့ အချိန်သမယမှာ ဆန့်ကျင်ဘက်အင်အားစုတွေကလဲ အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို တစ်စခန်းထလာတာ တွေ့ရပြန်တော့ ကျွန်တော် တကယ်ပဲ စိတ်ပျက်လက်ပျက်ဖြစ်ရပါတယ်။ သူတို့လုပ်ရပ်တွေက ကြွက်မနိုင် ကျီမီးနဲ့ရှို့တယ်ပြောရမလား၊ မစားရတဲ့အမဲ သဲနဲ့ပက်တယ် ပြောရမလား မပြောတတ်တော့ပါဘူး။

၁၉၉၀ ရွေးကောက်ပွဲဆိုတာကို ကျွန်တော်တို့ပြည်သူတွေက ရာဇဝင်ထဲမှာ ထားရစ်ခဲ့တာကြာလှပါပြီ။ ဒါပေမယ့် တချို့ NLD အမတ်ဆိုသူတွေကတော့ ဒါကြီးကို တခုတ်တရဖက်တွယ်နေတုန်းပါပဲ။ သူတို့အကြောင်းတွေးမိရင် ဆင်သေကောင်ကိုစီးပြီး ကမ်းမမြင်လမ်းမမြင် ပင်လယ်ထဲလိုက်ပါသွားတဲ့ ကျီးမိုက်ပုံပြင်ကို ဘာရယ်မဟုတ် သတိရမိပြန်ပါတယ်။ တယ်လဲအစွဲအလမ်းကြီးကြပါပေရဲ့။ အခုလဲ ရွေးကောက်ပွဲနိုင် NLD အမတ်တချို့နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)အဖွဲ့ဆိုသူတွေဦးဆောင်ပြီး ၉၂ ဦး လက်မှတ်ရေးထိုးထားတဲ့ စာမျက်နှာ သုံးမျက်နှာပါ စာတစ်စောင်ကို ၁-၈-၂၀၀၇ ရက်နေ့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းဆီ ပို့ကြပြန်ပါသတဲ့။

NLD ပါတီရဲ့ တရားမဝင်ခေါင်းဆောင်ကြီး ဒေါ်စုကြည်တို့၊ ဦးတင်ဦးတို့ကစပြီး ၈၈ မျိုးဆက် ကျောင်းသားများတို့၊ အခု CRPP တို့အထိ နိုင်ငံတကာကိုရေးပြီး ပို့လိုက်ကြတဲ့စာတွေဟာ အားလုံးပေါင်းပြီး ချိန်ကြည့်ရင် တန်နဲ့ချီပြီး ရှိလောက်ပြီထင်ပါရဲ့။ တိုင်းပြည်မျက်နှာအိုးမဲသုတ်ပြီး မဟုတ်တမ်းတရမ်း တိုင်တန်းတဲ့စာတွေဟာ နိုင်ငံနဲ့ပြည်သူရဲ့ ဂုဏ်သိက္ခာကိုထိခိုက်နစ်နာညှိုးနွမ်းစေတယ်ဆိုတာကို သူတို့သိသိကြီးနဲ့ ရေးရက်၊ ပို့ရက်ကြတယ်။ အခုလဲ လာပြန်ပြီ မဲပြာပုဆိုးလို့ ပြောရတော့မှာပါပဲ။

လက်ရှိကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးကို အတုအယောင်လို့ စွပ်စွဲပြီး သုံးပွင့်ဆိုင်ဆွေးနွေးပွဲတစ်ခုကို ကုလသမဂ္ဂကဖန်တီးပေးဖို့ တောင်းဆိုလိုက်ပါသတဲ့။ လက်ရှိအမျိုးသားညီလာခံကြီးက ချမှတ်လိုက်တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို မူအဖြစ်သာ အသိအမှတ်ပြုမှာဖြစ်ပြီး အဲဒီမူတွေကို တပ်မတော်အစိုးရ၊ ရွေးချယ်ခံအမတ်များနဲ့ တိုင်းရင်းသားကိုယ်စားလှယ်များ သုံးပွင့်ဆိုင်ဆွေးနွေးညှိနှိုင်း ပြင်ချင်တာပြင်ပြီးမှ အတည်ပြုမှာဖြစ်ပါသတဲ့။ Time Frame လဲ ရှိမှာပါတဲ့။ ဒါ့အပြင် ဖွဲ့စည်းပုံအသစ်ရေးဆွဲမယ့် ကော်မရှင်ကိုလဲ တပ်မတော်အစိုးရ၊ NLD၊ လက်နက်ကိုင် တိုင်းရင်းသားတွေ၊ အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားအုပ်စုတွေက ကိုယ်စားလှယ် အညီအမျှ ထည့်သွင်းရေးဆွဲခွင့်ပေးပါတဲ့။ အဲဒီနောက်မှာတော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်အရ လွှတ်တော်ခေါ်ပေးပြီး အဲဒီလွှတ်တော်က အခြေခံဥပဒေသစ်ကို အတည်ပြုပေးပါမယ်ဆိုပဲ။ နောက်ဆုံးမှာတော့ ရွေးကောက်ပွဲအသစ်ကျင်းပ၊ လွှတ်တော်အသစ်ခေါ်၊ အစိုးရအသစ်ချက်ချင်းဖွဲ့၊ အချိန်မဆိုင်းဘဲ အာဏာလွှဲပေးဆိုပြီး ဒီဘူတာပဲဆိုက်ရတာပေါ့။ အဲဒီစာရဲ့အဆုံးမှာ လွှတ်တော်ကိုယ်စားပြုကော်မတီဝင် ဦးဖူကျင့်ရှင်းထန် က လက်မှတ်ရေးထိုးထားတယ်လို့ သိရပါတယ်။ တစ်ဆက်တည်း ဦးဖူကျင့်ရှင်းထန်၊ ဦးထောင်ခိုထန်း၊ ဦးအေးသာအောင်၊ ဦးစိုးဝင်းတို့က ရှေ့ကနာမည်ခံထားပြီး နောက်ကွယ်က မင်းကိုနိုင်တို့ပါ ပူးပေါင်းစီစဉ်တာလို့ သိရပြန်တော့ ကျွန်တော်ထူးပြီး မအံ့သြချင်တော့ပါဘူး။

အဲဒီ မင်းကိုနိုင်တို့အုပ်စုနဲ့ပတ်သက်ပြီး "ကျောင်းသားအမည်ခံ တိုင်းပြည်သစ္စာဖောက်များသို့"ဆိုပြီး ကျွန်တော်ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးတာကို မှတ်မိကြဦးမှာပါ။ အဲဒီတုန်းကလဲ မင်းကိုနိုင်တို့အုပ်စုရဲ့ တရုတ်သမ္မတ ဟူကျင်တောင်နဲ့ ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ဆီကို ရေးတဲ့ ပေးစာတွေကိုအခြေခံပြီး ဆောင်းပါးရေးဖြစ်ခဲ့တာပါ။ ပေးစာတွေကို အကြောင်းပြုပြီး နိုင်ငံနဲ့ပြည်သူရဲ့ ဂုဏ်သိက္ခာကို မဆင်မခြင်နင်းချေစော်ကားနေတာတွေ၊ သွားပုပ်လေလွင့် အမျိုးမျိုးစွပ်စွဲ သိက္ခာချနေတာတွေ ရပ်တန်းကရပ်ဖို့ ကျွန်တော်စေတနာကောင်းနဲ့ ချက်ကျလက်ကျ ရှင်းပြသတိပေးခဲ့ပြီးပါပြီ။ သမိုင်းမှာအမည်းစက်ထင်ကျန်မယ့် ပေးစာတွေရေးပြီး အမျိုးသားရေးကို တရားဝင်သစ္စာဖောက်ခဲ့ကြတဲ့အတွက် နိုင်ငံနဲ့ပြည်သူရဲ့ ဒဏ်ခတ်ခြင်းကို မလွဲမသွေခံရမှာဖြစ်သလို တစ်ဖက်ကလဲ ဥပဒေအရ အရေးယူခြင်းခံရမှာဖြစ်တယ်ဆိုတာလဲ ထောက်ပြအသိပေးခဲ့တာ ပြည်သူအားလုံး သိပြီးဖြစ်ပါလိမ့်မယ်။

ကျွန်တော်လို သာမန်ပြည်သူတစ်ယောက်ကတောင် အခြေအနေမှန်ကို ရှုမြင်သုံးသပ်နိုင်ရင် ကျွန်တော်တို့ထက် အများကြီး လူရည်လည်တဲ့ မင်းကိုနိုင်တို့အုပ်စုလဲ မသိ မဟုတ်လောက်ပါဘူး။ တည်ဆဲအစိုးရအနေနဲ့လဲ သူတို့အုပ်စုရဲ့ လုပ်ရပ်တွေကို ဘယ်မသိရှိပါ့မလဲ။ ဒီတော့ တစ်ဖက်က သိသိနဲ့ရှေ့တိုးလာတာကို တစ်ဖက်ကလဲ သိသိနဲ့ပဲ သဘောထားကြီးကြီးထားပြီး စောင့်ကြည့်နေခဲ့တာ ဖြစ်ပါလိမ့်မယ်။

အခုတော့ ကျွန်တော်တို့ အတန်တန်သတိပေးခဲ့တဲ့ကြားက မိုက်သွေးမကုန်၊ မိုက်ဇာတ်မသိမ်းနိုင်လို့ မင်းကိုနိုင်အပါအဝင် သူတို့အုပ်စုကို သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးမေးမြန်းမှုတွေလုပ်နေပြီလို့ ကြားသိရပါတယ်။ သူတို့အုပ်စုရဲ့ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ လုံခြုံရေးကို ထိခိုက်ပျက်ပြားအောင်၊ အမျိုးသားညီလာခံပျက်ပြားအောင် လှုံ့ဆော်ကြိုးပမ်းလှုပ်ရှားမှုတွေဟာ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ (ဥပဒေအမှတ် ၅/၉၆)နဲ့ ငြိစွန်းနေတဲ့အပြင် အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်တွေအထိ ကြံစည်လုပ်ဆောင်နေမှုတွေဟာလဲ တည်ဆဲဥပဒေများနဲ့ ငြိစွန်းနေတာကြောင့် မင်းကိုနိုင်ပါ ၁၃ဦးကို ၂၁-၈-၂၀၀၇ရက်နေ့မှာ သက်ဆိုင်ရာက ခေါ်ယူမေးမြန်း စစ်ဆေးခဲ့ရတာဖြစ်တယ်လို့ ဆိုပါတယ်။

ပြည်ပမီဒီယာတွေက မပွပွအောင် ဖွပေးနေလို့ လူထုကြားထဲမှာ ရှုပ်ပြီးရင်း ရှုပ်နေတဲ့အမှိုက်တွေ အခုမှရှင်းသွားတယ် ဆိုရမှာပါပဲ။ ကျွန်တော်တို့ ပြည်သူတွေကတော့ ခုမှပဲ နားအေးပါးအေး စိတ်ချမ်းသာလက်ချမ်းသာ နေကြရတော့မယ်ဆိုပြီး အားရကျေနပ်နေကြတာ အမှန်ပါ။ ဒီအုပ်စုထဲက ဦးစီးဦးဆောင်တစ်ယောက်ဖြစ်တဲ့ ဌေးကြွယ်ကတော့ ဦးအောင်ရှောင်သွားတယ်လို့ ဆိုပါတယ်။ အဲဒီဌေးကြွယ်ဆိုတာ ၈၈ အရေးအခင်းမတိုင်မီလေးမှာ ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂါးနက်တို့၊ မအေးငြိမ်းသူတို့နဲ့ပေါင်းပြီး အကျဉ်းထောင်ထဲမှာ ကျောင်းသူတွေကို အဓမ္မပြုကျင့်ပါတယ်ဆိုတဲ့ ကလိမ်စွေငြိမ်းဆင်ဇာတ်လမ်းကို လုပ်ကြံဖန်တီးထုတ်လွှင့်ခဲ့တဲ့ တန်းဝင်လူလိမ်လူညာတစ်ယောက်ဆိုတာ အားလုံးသိကြပြီးဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် **တိုင်းဖျက်ပြည်ဖျက် လုပ်ရပ်တွေကို တစိုက်မတ်မတ် ကြိုးစားပမ်းစားလုပ်ဆောင်ပြီး ဥပဒေကို အကြိမ်ကြိမ်ချိုးဖောက်ဆန့်ကျင်ခဲ့တဲ့ အကျိုးဆက်ကိုတော့ ဘယ်လိုမှ လွတ်အောင်ရှောင်နိုင်မှာ မဟုတ်ပါဘူး။ စစ်ဆေးတွေ့ရှိချက်တွေအပေါ် မူတည်ပြီး ဥပဒေကြောင်းအရ ထိုက်သင့်သလိုတော့ အရေးယူခံကြရမှာပါ။**

လွှတ်တော်ကိုယ်စားပြုကော်မတီဝင်ဆိုတဲ့ ကြီးမိုက်ကြီးတွေကလဲ အာဏာငန်းဖမ်းပြီး အယောင်ယောင်အမှားမှားနဲ့ မင်းကိုနိုင်အုပ်စုရဲ့ အသုံးချတာကို ခံလိုက်ရတယ်ထင်ပါရဲ့။ ကိုယ်လုပ်တဲ့လုပ်ရပ်ဟာ ဘယ်အတိုင်းအတာအထိ သက်ရောက်မှုရှိပြီး ဘယ်သူတွေကို ထိခိုက်စေတယ်ဆိုတာလဲ ထည့်စဉ်းစားမိပုံ မရပါဘူး။ ဒါမှမဟုတ် သိသိကြီးနဲ့ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုပြီး ဇွတ်တိုးတာလဲ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။

တကယ်တော့ တည်ဆဲအစိုးရဟာ ၁၉၈၈ခုနှစ်ကစပြီး ဗဟိုကချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ်ကိုဖျက်သိမ်းပြီး ပြည်သူအများလိုလားတောင့်တနေတဲ့ တံခါးဖွင့်ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ထူထောင်ကူးပြောင်းပေးခဲ့တဲ့ အစိုးရဖြစ်ပါတယ်။ ၈၈ အရေးအခင်းကာလကိုပြန်ကြည့်ရင် ပြည်သူက တစ်ပါတီစနစ်ကို မလိုချင်ဘူး၊ ဒီမိုကရေစီစနစ်ကို လိုချင်တယ်။ ဆိုရှယ်လစ်စီးပွားရေးကိုမကြိုက်ဘူး၊ ဈေးကွက်စီးပွားရေးကို ကြိုက်တယ်။ ဒါကြောင့် အရေးအခင်း အဦးပိုင်း ကာလတွေမှာ ပြည်သူက ဒါကိုပဲတောင်းခဲ့တယ်။ ကျွန်တော် မှတ်မိနေပါသေးတယ်။ အဲဒီအချိန်တုန်းက နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က ဒီမိုကရေစီကိုဘာမှန်းမသိဘဲ အတင်းသာ ကြွေးကြော်တောင်းဆိုနေတဲ့ တောင်းဆိုချက်တွေကြောင့် တည်ဆဲဖွဲ့စည်းပုံအခြေခံ

တပ်မတော်အစိုးရကတော့ ဖွဲ့စည်းပုံအ
ကလေးမှ မျက်ခြည်ပြတ် မခံခဲ့ပါဘူး။
အဲဒီတုန်းက တရားဝင် နိုင်ငံရေးပါတီတွေ
ပုဂ္ဂလနဲ့ ပါတီအသီးသီးက ရွေးကောက်ပွဲ
တွေနဲ့ အမျိုးသားညီလာခံကျင်းပရေး
ကျင်းပပြုလုပ်ခဲ့တာကို မှတ်မိကြဦးမှာပါ။
အလှန် ဆွေးနွေးညှိနှိုင်းကြပြီး အများသဘေ
ကျင်းပခဲ့တာ ဖြစ်ပါတယ်။

သံသရာက နိုးထဖို့ အချိန်တန်ပြီ

ဆေးမေးမြန်းမှုတွေလုပ်နေပြီလို့ ကြားသိရပါ င်ငံတော်တည်ငြိမ်ရေးနဲ့ လုံခြုံရေးကို ထိခိုက် ားညီလာခံပျက်ပြားအောင် လှုံ့ဆော်ကြိုးပမ်း တ်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ မျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ င့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ ငြိစွန်းနေတဲ့အပြင် အကြမ်းဖက်သောင်းကျန်းသူ င်းပြီး ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်တွေအထိ ကွဟာလဲ တည်ဆဲဥပဒေများနဲ့ ငြိစွန်းနေတာ းကို ၂၁–၈–၂၀၀၇ရက်နေ့မှာ သက်ဆိုင်ရာက ခဲ့ရတာဖြစ်တယ်လို့ ဆိုပါတယ်။

မပွပွအောင် ဖွပေးနေလို့ လူထုကြားထဲမှာ က်တွေ အခုမှရှင်းသွားတယ် ဆိုရမှာပါပဲ။ ကတော့ ခုမှပဲ နားအေးပါးအေး စိတ်ချမ်းသာ ာ့မယ်ဆိုပြီး အားရကျေနပ်နေကြတာ အမှန်ပါ။ တင်တစ်ယောက်ဖြစ်တဲ့ ဌေးကြွယ်ကတော့ လို့ ဆိုပါတယ်။ အဲဒီဌေးကြွယ်ဆိုတာ ၈၈ မှာ ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂါးနက် င်းပြီး အကျဉ်းထောင်ထဲမှာ ကျောင်းသူတွေကို ဲ့ ကလိမ်စေ့ငြမ်းဆင်ဇာတ်လမ်းကို လုပ်ကြံ းဝင်လူလိမ်လူညာတစ်ယောက်ဆိုတာ အားလုံး ပဲဖြစ်ဖြစ် **တိုင်းဖျက်ပြည်ဖျက် လုပ်ရပ်တွေကို မ်းစားလုပ်ဆောင်ပြီး ဥပဒေကို အကြိမ်ကြိမ် အကျိုးဆက်ကိုတော့ ဘယ်လိုမှ လွတ်အောင် း။ စစ်ဆေးတွေ့ရှိချက်တွေအပေါ် မူတည်ပြီး သင့်သလိုတော့ အရေးယူခံကြရမှာပါ။**

ပြုကော်မတီဝင်ဆိုတဲ့ ကြီးမိုက်ကြီးတွေကလဲ ယာင်ယောင်အမှားမှားနဲ့ မင်းကိုနိုင်အုပ်စုရဲ့ ရတယ်ထင်ပါရဲ့။ ကိုယ်လုပ်တဲ့လုပ်ရပ်ဟာ သက်ရောက်မှုရှိပြီး ဘယ်သူတွေကို ထိခိုက် ဉ်းစားမိပုံ မရပါဘူး။ ဒါမှမဟုတ် သိသိကြီးနဲ့ ရင်ပြီးရောဆိုပြီး ဇွတ်တိုးတာလဲ ဖြစ်ကောင်း

ဉ်ဆဲအစိုးရဟာ ၁၉၈၈ခုနှစ်ကစပြီး ဗဟိုက စနစ်ကိုဖျက်သိမ်းပြီး ပြည်သူအများလိုလား ှင့်ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံဒီမိုကရေစီ ာင်းပေးခဲ့တဲ့ အစိုးရဖြစ်ပါတယ်။ ၈၈အရေး ရင် ပြည်သူက တစ်ပါတီစနစ်ကို မလိုချင်ဘူး၊ တယ်။ ဆိုရှယ်လစ်စီးပွားရေးကိုမကြိုက်ဘူး၊ ျိုက်တယ်။ ဒါကြောင့် အရေးအခင်း အဦးပိုင်း ဒါကိုပဲတောင်းခဲ့တယ်။ ကျွန်တော် မှတ်မိနေ န်တုန်းက နိုင်ငံတော်သမ္မတ ဒေါက်တာ ဲကိုဘာမှန်းမသိဘဲ အတင်းသာ ကြွေးကြော် ဆိုချက်တွေကြောင့် တည်ဆဲဖွဲ့စည်းပုံအခြေခံ ဥပဒေကိုခြွင်းချက်ပြုပြီး သုံးလအတွင်း ပါတီစုံအထွေထွေ ရွေးကောက်ပွဲ လုပ်ပေးပါ့မယ်လို့ တိုင်းသိပြည်သိ ပြည်သူကို ကမ်းလှမ်းခဲ့တာပါ။ ဒါဟာ ဒီမိုကရေစီစနစ်ကို စနစ်တကျကူးပြောင်းသွားနိုင်ဖို့ လမ်းဖွင့်ပေးခဲ့တာပါပဲ။

ဒါပေမယ့် အဲဒီတုန်းက လူထုခေါင်းဆောင်လို့ ကိုယ့်ကိုယ်ကိုအမည်တပ်ထားတဲ့ "အောင်–စု–တင်"တို့က လုံးဝလက်မခံဘဲ ကြားဖြတ်အစိုးရဖွဲ့စည်းရေးကိုသာ အတင်းအဓမ္မတောင်းဆိုခဲ့ကြတာ အားလုံး မှတ်မိကြဦးမှာပါပဲ။ ဒါကလဲ မြန်မာနိုင်ငံကို အချိန်ကိုက်ရောက်လာတဲ့ အမေရိကန်အောက်လွှတ်တော် အရှေ့အာရှနဲ့ပစိဖိတ်ရေးရာဆပ်ကော်မတီ ဥက္ကဋ္ဌ စတီဗင် ဂျေ ဆိုလာ့ဇ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ အခါပေးလမ်းညွှန်ချက်တွေကြောင့်ဆိုတာ ပြည်သူအားလုံး သိနားလည်ခဲ့ပြီးပါပြီ။ တကယ်တော့ ဒေါက်တာမောင်မောင်အစိုးရက နည်းလမ်းတကျ တည်တည်ငြိမ်ငြိမ်နဲ့ ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းနိုင်ဖို့ လေးလေးစားစား ကမ်းလှမ်းခဲ့တာကို တစ်ဖက်သတ် လုံးလုံးလျားလျား ငြင်းပယ်ခဲ့တာဟာ အဲဒီတုန်းက "အောင်–စု–တင်"တို့အနေနဲ့ ဒီမိုကရေစီကို မှန်မှန်ကန်ကန်ကူးပြောင်းလိုစိတ် လုံးဝမရှိခဲ့လို့ပဲဆိုတာ ရှင်းနေပါပြီ။ သူတို့အနေနဲ့ ဒီမိုကရေစီကိုသာ တကယ်လိုလား မြတ်နိုးခဲ့ရိုးမှန်ရင် အဲဒီကတည်းက လက်သင့်ခံပြီး ဒီမိုကရေစီနိုင်ငံတော်ကြီးကို အားရဝမ်းသာ တည်ဆောက်ခဲ့ကြရမှာပေါ့။ အခုတော့…။

တကယ်တော့ သူတို့လိုချင်တာ ဒီမိုကရေစီ မဟုတ်ပါဘူး။ လူထုကိုသာ ဒီမိုကရေစီရေး အော်ခိုင်းနေပေမယ့် သူတို့လိုချင်တာက "အာဏာ"ပါ။ ကြားဖြတ်အစိုးရဖွဲ့ပြီး အာဏာလက်ထဲရောက်လာဖို့ပါ။ နိုင်ငံနဲ့ပြည်သူရဲ့ဆန္ဒကို မငဲ့ကွက်ဘဲ ပေးလာတဲ့ဒီမိုကရေစီကိုငြင်းပြီး မရနိုင်တဲ့ အာဏာကိုသာ အတင်းတောင်းခဲ့ကြတာပါ။ ဒါတွေကို ကျွန်တော်တို့ပြည်သူအားလုံးက သိပြီးသားဖြစ်ပါတယ်။ တစ်ဖက်ကလဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ထုံးလုပ်နည်းအရ ကြားဖြတ်အစိုးရ ဖွဲ့ခွင့်မပေးနိုင်လေတော့ ၈၈အရေးအခင်းဒီရေမြင့်လာပြီး နောက်ဆုံး နိုင်ငံနဲ့ ပြည်သူပဲ အားလုံးတစ်စစီပြန်ကောက်ရတဲ့ဘဝရောက်အောင် ဆုံးရှုံးပျက်စီး နစ်နာခဲ့ကြရပါတယ်။ တစ်နိုင်ငံလုံး အစိုးရအုပ်ချုပ်မှု ယန္တရားပျက်ယွင်းပြီး မင်းမဲ့စရိုက် လွှမ်းမိုးခဲ့တဲ့အတွက် သတ်ချင်တိုင်းသတ်၊ လုချင်တိုင်းလု၊ ဖျက်ချင်တိုင်းဖျက်၊ ရှို့ချင်တိုင်းရှို့နဲ့ တကယ့်လူသတ်ကုန်း၊ တကယ့်သုသာန်တစပြင်လို ပြည်သူအားလုံး ကျီးလန့်စာစားဘဝ ရောက်ခဲ့ကြရပါတယ်။ အဲဒီအခြေရောက်တော့ လူထုခေါင်းဆောင်ဆိုတဲ့ "အောင်–စု–တင်"တို့ သုံးယောက်ထဲမှာ ဘယ်သူကများ လူထုကို ထိန်းနိုင်ခဲ့ပါသလဲ။ အောင်ရော၊ စုရော၊ တင်ရော၊ ကျန်တဲ့ အရေးအခင်းခေါင်းဆောင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးငယ်များရော အုတ်အော်သောင်းတင်း ရုန်းရင်းဆန်ခတ်ဖြစ်နေတဲ့ ဆန္ဒပြသူတွေကို တစ်စက်ကလေးမှ မထိန်းနိုင်၊ မဟန့်နိုင်ခဲ့ကြပါဘူး။

ဒီလိုသာ ဆက်လွှတ်ထားရင် ရိုးသားအပြစ်ကင်းတဲ့ ပြည်သူတွေ အတိဒုက္ခရောက်ပြီး ပြည်ပျက်တော့မယ့်အရေးတွေကြောင့် တပ်မတော်က နိုင်ငံတော်ကို မလွှဲမရှောင်သာ တာဝန်ယူ ထိန်းသိမ်းပေးခဲ့ရပါတယ်။ တကယ်တော့ တပ်မတော်က အာဏာလိုချင်လို့ ဝင်ပါခဲ့တာမဟုတ်ပါဘူး။ ဘယ်သူမှ မထိန်းနိုင်တော့လို့ အမျိုးသားရေးအကျိုးစီးပွားကို ဦးထိပ်တင်ပြီး ဝင်ထိန်းပေးခဲ့ရခြင်းသာဖြစ်ပါတယ်။ အဲဒီတုန်းကသာ

တ်အစိုးရကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရေးကို တစ်စက် မျက်ခြည်ပြတ် မခံခဲ့ပါဘူး။ အမျိုးသားညီလာခံ မတိုင်မီမှာ တရားဝင် နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေ၊ တစ်သီး ကီအသီးသီးက ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ပုဂ္ဂိုလ် ျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အရင် ပ်ခဲ့တာကို မှတ်မိကြဦးမှာပါ။ အဲဒီအစည်းအဝေးမှာ အပြန် နွေးညှိနှိုင်းကြပြီး အများသဘောတူညီချက်နဲ့ အညီဆောင်ရွက် ဖြစ်ပါတယ်။

ကိုကဲ

တပ်မတော်က အချိန်မီ ဝင်မထိန်းခဲ့ရင် ဘာတွေဆက်ဖြစ်ဦးမယ်ဆိုတာ ကျွန်တော်တော့ အတွေးနဲ့တောင်မတွေးရဲပါဘူး။ ၈၈ အရေးအခင်းကို ကောင်းကောင်းသိမီ ဖြတ်သန်းခဲ့ရတဲ့ ကျွန်တော်တို့တွေကတော့ အရေးအခင်းဆိုတာကို လေသံတောင် မကြားချင်တော့တာ အမှန်ပါ။ ဒါမှ လူထုဆန္ဒ အစစ်အမှန်ပါ။ ဘယ်သူမှ ဒါမျိုးနောက်တစ်ကြိမ် ထပ်ပြီး ကြုံချင်ကြမှာ မဟုတ်ပါဘူး။

ဆက်ပါဦးမယ်။ တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူတဲ့နေ့မှာပဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ်(၁/၈၈)နဲ့ လက်ငင်းအကောင်အထည်ဖော် ဆောင်ရွက်မယ့် လုပ်ငန်းတာဝန်ကြီး(၄)ရပ်ကို ချမှတ်ခဲ့တာ အားလုံးမှတ်မိပါလိမ့်ဦးမယ်။ (၁) တရားဥပဒေစိုးမိုးရေးနဲ့ နယ်မြေအေးချမ်းသာယာရေးဆောင်ရွက်မယ်။ (၂) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးဆောင်ရွက်မယ်။ (၃) ပြည်သူများစားဝတ်နေရေး ချောင်လည်အောင် ဆောင်ရွက်ပေးမယ်။ (၄) အဲဒါတွေ ပြီးပြည့်စုံတဲ့အခါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပေးမယ်။ ကဲ–ဘယ်လောက် လက်တွေ့ကျပြီး ဘယ်လောက်အနှစ်သာရ ပြည့်ဝလိုက်ပါသလဲ။ တပ်မတော်အစိုးရဟာ အဲဒီပထမဆုံးနေ့ကတည်းက ဒီမိုကရေစီရေးကို ဦးတည်ဖော်ဆောင်ခဲ့တယ်ဆိုတာ ဘယ်သူငြင်းချင်သေးလဲ။ အဲဒီ အချိန်ကတည်းက ဒို့တာဝန်အရေးသုံးပါးဆိုတဲ့ အမျိုးသားရေးဝါဒကို လက်ကိုင်ထားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးရည်မှန်းချက်ကို တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ပြည်သူအားလုံး မျက်မြင်ကိုယ်တွေ့မဟုတ်ပါလား။

တကယ်တော့ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းဖို့ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ မဖြစ်နိုင်ပါဘူး။ ဒီမိုကရေစီကို နည်းလမ်းတကျ ကျင့်သုံးဖော်ဆောင်နိုင်ဖို့ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေက ထိန်းကျောင်းပေးရတာဖြစ်လို့ပါပဲ။ ဒီမိုကရေစီကို ပြောင်းလဲ ဖော်ဆောင်ဖို့ဆိုရင် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရော၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဘယ်လိုမှ မအပ်စပ်တော့ဘူးဆိုတာ အားလုံးအသိပါ။ ဒါကြောင့်လဲ တပ်မတော်အစိုးရက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ဖို့အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၇–၅–၁၉၉၀မှာ အသန့်ရှင်းဆုံး၊ အမျှတဆုံးဖြစ်အောင် ဦးစီးကျင်းပပေးခဲ့ပါတယ်။ ရွေးကောက်ပွဲရလဒ်ဟာ ၁၉၈၈မှာ ပျက်သုဉ်းခဲ့ပြီဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထပ်မံရေးဆွဲပြဋ္ဌာန်းဖို့ တာဝန်ရှိတယ်ဆိုတဲ့အကြောင်းလဲ ရွေးကောက်ပွဲဝင် ပါတီအားလုံးကို ရွေးကောက်ပွဲအကြိုကာလကတည်းက အသိပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါဟာ ဖျောက်ဖျက်လို့မရတဲ့ တကယ့် သမိုင်းဖြစ်ရပ်မှန်တွေပါ။ ဒါပေမယ့် NLD က ရွေးကောက်ပွဲပြီးတာနဲ့ အခြေခံဥပဒေရေးဆွဲရေးကို နောက်တန်းပို့ပြီး အာဏာလွှဲပေးဖို့သာ ရှေ့တန်းတင်ခဲ့တာလဲ မမှတ်မိစရာ မရှိပါဘူး။ အခြေခံဥပဒေမရှိဘဲ ဘယ်လိုလုပ်ပြီး အာဏာလွှဲပေးလို့ရပါ့မလဲ။

ဒီတော့ NLD က ရွေးချယ်ခံ ကိုယ်စားလှယ် လက်တစ်ဆုပ်စာနဲ့ ဂန္ဒီညီလာခံဆိုပြီး ကုလားဖန်ထိုးခဲ့ပါရောလား။ ဒါ့အပြင် အများစုအနိုင်ရပါတီအဖြစ် မာန်တက်ပြီး ပါတီကြီးဝါဒ ကျင့်သုံးချင်နေတဲ့ NLD ဟာ ၁၉၉၀စက်တင်ဘာလအတွင်း လွှတ်တော်ခေါ်ပြီး အာဏာလွှဲမပေးဘူးဆိုရင် ဘာဖြစ်မယ်၊ ညာဖြစ်မယ်ဆိုတာလဲ မြွေမကြောက်၊ ကင်းမကြောက်လုပ်ခဲ့တာပါပဲ။

ဒါပေမယ့် **တပ်မတော်အစိုးရကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရေးကို တစ်စက်ကလေးမှ မျက်ခြည်ပြတ်မခံခဲ့ပါဘူး။ အမျိုးသားညီလာခံမတိုင်မီမှာ အဲဒီတုန်းက တရားဝင် နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေ၊ တစ်သီးပုဂ္ဂလနဲ့ ပါတီအသီးသီးက ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ပုဂ္ဂိုလ်တွေနဲ့ အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အရင်ကျင်းပပြုလုပ်ခဲ့တာကို မှတ်မိကြဦးမှာပါ။ အဲဒီအစည်းအဝေးမှာ အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြပြီး အများသဘောတူညီချက်နဲ့အညီ ဆောင်ရွက်ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံဟာ တပ်မတော်အစိုးရက ကိုယ့်သဘောနဲ့ကိုယ် ကောက်ခါငင်ခါ ကျင်းပခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံတော်ရဲ့အနာဂတ်ရေး လိုအပ်ချက်အရ တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း ဆွေးနွေးသဘောတူဆုံးဖြတ်ပြီးမှ လုပ်ခဲ့ကြတာဖြစ်တယ်ဆိုတာကို မေ့ချင်ယောင်ဆောင်နေတဲ့ နိုင်ငံရေးပါတီကြီးနဲ့ ဆန့်ကျင်ဘက်အင်အားစုအားလုံးကို ရှင်းရှင်းဘွင်းဘွင်း သိနိုင် မှတ်နိုင်အောင် ပြန်ပြောပြနေရခြင်းပဲ ဖြစ်ပါတယ်။**

အမျိုးသားညီလာခံကို ၁၉၉၃ခုနှစ်ကနေ ၁၉၉၆ခုနှစ်အထိ ခြောက်ကြိမ်ကျင်းပခဲ့ရာမှာ NLD အပါအဝင် နိုင်ငံရေးပါတီ ၁၀ပါတီ တက်ရောက်ခဲ့ပြီး ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမယ့် အခြေခံမူ ၁၀၄ချက်နဲ့ အသေးစိတ်အခြေခံရမယ့်မူအချို့ကို အောင်မြင်စွာချမှတ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့်

ဒေါ်စုကြည်နဲ့ NLD က နိုင်ငံနဲ့လူမျိုးရဲ့ အကျိုးစီးပွား ကို ဦးစားပေးပြီး အမျိုးသား ညီလာခံမှာ ဆက်လက်ပူးပေါင်း ပါဝင် ဆောင်ရွက်ခဲ့မယ်ဆိုရင် ဒီနေ့၊ ဒီအချိန်မှာ ညီလာခံကြီး ပြီးဆုံးလို့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်လဲ ပေါ်ထွန်းခဲ့ပြီး ဖြစ်မှာပါ။

ညီလာခံကြီး အရှိန်ကောင်းနေတုန်းမှာပဲ ၂၈–၁၁–၁၉၉၅ရက်နေ့ ညနေမှာ အမျိုးသားညီလာခံမှာ တက်ရောက်နေတဲ့ NLD ကိုယ်စားလှယ်တွေဟာ ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်အရ ညီလာခံမှ ထွက်ခွာသွားခဲ့ကြရှာပါတယ်။ ဒါကလဲ ဒေါ်စုကြည်ဟာ ၉–၉–၁၉၉၅ ရက်နေ့မှာ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်း သံအမတ်ကြီး မက်ဒလင်း အောဘရိုက်နဲ့တွေ့ပြီး နောက်ပိုင်းကျမှ အချိုးပြောင်းသွားတဲ့ကိစ္စပါ။ အဲဒီအချိန်ကစပြီး ဒေါ်စုကြည်ဟာ ကျင်းပဆဲ အမျိုးသားညီလာခံရဲ့ လုပ်ထုံးလုပ်နည်းတွေအပေါ် အမျိုးမျိုးဝေဖန်ပုတ်ခတ် အပြစ်ရှာလာခဲ့ရာကနေ နောက်ဆုံး NLD ပါတီ ညီလာခံက ထွက်သွားခဲ့ကြတာပါပဲ။ တကယ်တော့ NLD ဟာ ကျွန်တော် ဒီဆောင်းပါးအစပိုင်းမှာ တင်ပြခဲ့သလို တွေ့ဆုံဆွေးနွေးရေး ဘာဘာညာညာ တစာစာတောင်းဆိုနေပေမယ့် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာနေတဲ့ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်ကနေ သူ့သဘောနဲ့သူလမ်းခွဲကျောခိုင်းသွားခဲ့တာ သူတို့ကိုယ်တိုင်ပါပဲ။

အဲဒီလိုလုပ်ရပ်တွေရဲ့ အကျိုးဆက်အဖြစ် တပ်မတော်အစိုးရဟာ အမျိုးသားညီလာခံ ကျင်းပရေးအတွက် အားစိုက်မှုနဲ့ နိုင်ငံရေးတိုးတက်မှု ပြုလုပ်ခြင်းကို ယာယီအားဖြင့် ရပ်ဆိုင်းထားခဲ့ရပါတယ်။ **တကယ်လို့သာ ဒေါ်စုကြည်နဲ့ NLD က နိုင်ငံနဲ့လူမျိုးရဲ့ အကျိုးစီးပွားကို ဦးစားပေးပြီး အမျိုးသားညီလာခံမှာ ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့မယ်ဆိုရင် ဒီနေ့၊ ဒီအချိန်မှာ ညီလာခံကြီး ပြီးဆုံးလို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်လဲ ပေါ်ထွန်းခဲ့ပြီး ဖြစ်မှာပါ။ ဒါ့အပြင် ကျွန်တော်တို့ တစ်မျိုးသားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကိုတောင် ပုံပေါ်အောင် အကောင်အထည်ဖော်နေနိုင်လောက်ပါပြီ။ ဒါလောက်ဆို အမျိုးသားညီလာခံကြီးရဲ့ လုပ်ငန်းစဉ်တွေ ကြန့်ကြာ နှောင့်နှေးခဲ့ရခြင်းရဲ့ အဓိကတရားခံ ဘယ်သူလဲဆိုတာ ထပ်ရှင်းစရာ မလိုလောက်တော့ပါဘူး။**

ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာမှာ ခိုင်ခိုင်မာမာနဲ့ အနှစ်သာရရှိရှိ၊ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ဖို့ဆိုရင် နိုင်ငံတော်မှာ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိဖို့ လိုပါမယ်။ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါမယ်။ ဒါ့အပြင် ဒီမိုကရေစီကို ကိုင်တွယ်ကျင့်သုံးမယ့် ပြည်သူတစ်ရပ်လုံးရဲ့ အသိဉာဏ် ဗဟုသုတ ရင့်ကျက်ဖို့လဲ လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီ သုံးချက်မပြည့်စုံခဲ့လို့ ၁၉၄၈ ကနေ ၁၉၆၂ ခုနှစ်အထိ ကျင့်သုံးခဲ့တဲ့ ပါလီမန်ဒီမိုကရေစီစနစ် အောင်မြင်မှုမရခဲ့တာ အထင်အရှားပါ။ ကိုလိုနီနယ်ချဲ့ရဲ့ ဆိုးမွေအဖြစ် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အဘက်ဘက်က နိမ့်ကျခဲ့တဲ့အပြင် ရန်ကုန်အစိုးရလို့ ခေါ်ရလောက်အောင် နယ်မြေအေးချမ်းသာယာမှုနဲ့ တရားဥပဒေစိုးမိုးမှု ပျက်ယွင်းခဲ့တဲ့ အခြေအနေတွေကြောင့် ဒီမိုကရေစီစနစ်ကို အောင်မြင်အောင် အကောင်အထည်မဖော်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်အစိုးရဟာ ညီလာခံ ယာယီရပ်ဆိုင်းထားရတဲ့ ကာလအတွင်း အနာဂတ်နိုင်ငံတော်မှာ ဒီမိုကရေစီစနစ်ကို အနှစ်သာရရှိရှိ အောင်အောင်မြင်မြင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ဖော်ဆောင် ကျင့်သုံးနိုင်ဖို့အတွက် အထက်ပါ အခြေအနေသုံးရပ်နဲ့ အမြန်ဆုံး ပြည့်စုံညီညွတ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့တာကို ကျွန်တော်တို့အားလုံးအသိပါ။ တစ်ဖက်ကလဲ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အရှိန်အဟုန်မပျက် ဆက်လက်ပဲ့ကိုင် ချီတက်ခဲ့တာ ဘယ်သူမှ မျက်ကွယ်ပြုလို့မရတဲ့ အချက်ပါပဲ။

တပ်မတော်အစိုးရအနေနဲ့ အခက်အခဲ အတားအဆီး အမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး ကျွန်တော်တို့ အားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းရေး မျှော်မှန်းချက်နဲ့အညီ ၁၇-၅-၂၀၀၄မှာ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပပေးခဲ့ပါတယ်။ အဲဒီညီလာခံမှာ NLD အပါအဝင် ၁၉၉၃ခုနှစ် ညီလာခံကတည်းက ပါဝင်တက်ရောက်ခဲ့တဲ့ ၁၀ပါတီစလုံးကို ဖိတ်ကြားခဲ့ပါတယ်။ NLD ကတော့ ကျောခိုင်းဆန့်ကျင်ရာလမ်းကိုသာ ရွေးခဲ့ပါတယ်။ အလားတူ NLD ရဲ့ လောင်းရိပ်မကင်းတဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် [SNLD] ကလဲ ညီလာခံကို တက်ရောက်ခြင်းမပြုခဲ့ပါဘူး။ ဒါပေမယ့် ကျန်နိုင်ငံရေးပါတီတွေ၊ အရွေးချယ်ခံ ကိုယ်စားလှယ်တွေနဲ့ ကိုယ်စားလှယ် အစုအဖွဲ့အားလုံး စုံစုံညီညီ ပြန်လည်တက်ရောက်ခဲ့ကြပါတယ်။ ပြည်ထောင်စု စိတ်ဓာတ်အရင်းခံပြီး မိမိတို့ တစ်ဖွဲ့၊ တစ်ပါတီ၊ လူမျိုးတစ်မျိုးရဲ့ အကျိုးကို ရှေ့တန်းမတင်ဘဲ တိုင်းပြည်နဲ့လူမျိုးအကျိုးကိုသာ ရည်မျှော်အလေးပေးကာ စည်းလုံးညီညွတ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒါကြောင့် အခုဆိုရင် (၅)ကြိမ်မြောက် ညီလာခံကြီးအထိ ပန်းခင်းလမ်းပေါ်မှာ ညင်သာချောမွေ့အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့ပြီး အောင်ပန်းဆွတ်ချူပန်းဝင်ဖို့ လက်တစ်ကမ်းအလိုကို ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီး နိုင်ငံတော်ရဲ့ အနာဂတ်ခရီးကို ပြဋ္ဌာန်းပေးမယ့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေး ၊ အဲဒီနောက် ပြည်သူလူထုရဲ့ဆန္ဒခံယူ အတည်ပြုချက် ရယူရေးနဲ့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရေးစတဲ့ ချမှတ်ထားပြီး လုပ်ငန်းစဉ်များအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ရှေ့ဆက်သွားတော့မှာ မလွဲဧကန်ပါ။

ပြောရရင်တော့ တပ်မတော်အစိုးရက ဘယ်လောက်ပဲကောင်းအောင် လုပ်လုပ် အခု CRPP အုပ်စုလိုပဲ ပြည်တွင်းပြည်ပဆန့်ကျင်ဘက်အင်အားစုတွေကတော့ စပျစ်သီး ချဉ်နေမြဲပါ။ တစ်သင်းတစ်ဖွဲ့၊ ပုဂ္ဂိုလ်တစ်ဦးချင်း အလိုက် ဘယ်လိုပဲ နိုင်ငံရေးအမြင်တွေ၊ သဘောထားခံယူချက်တွေရှိကြပေမယ့် အမျိုးသားညီလာခံကြီးပျက်ပြားသွားစေဖို့၊ ၈၈ လူထုဆူပူအုံကြွမှုမျိုး နောက်တစ်ကြိမ် ထပ်မံဖြစ်ပေါ်စေဖို့နဲ့ ဥပဒေတွင်း၊ ဥပဒေပ နိုင်ငံရေးအန်တုမှု နည်းမျိုးစုံသုံးပြီး ဆန့်ကျင်ဖို့ဆိုတဲ့ ကိစ္စ သုံးရပ်ကိုတော့ ဘုံ ရပ်တည်ချက်ထားပြီး သွားနေကြတာပါ။ ဒီမဟာဗျူဟာပေါ်မှာ ရပ်တည်ပြီး လုပ်နည်းလုပ်ဟန် နည်းဗျူဟာတော့ ကွဲပြားကြပါလိမ့်မယ်။ NLD, CRPPနဲ့ မင်းကိုနိုင်တို့အုပ်စုလဲ ဒီ Trendအတိုင်း လုပ်နေကြတာပဲ မဟုတ်လား။

အောင်မြင်ပြီးမြောက်တော့မယ့် အမျိုးသားညီလာခံအပေါ်မှာလဲ အာဏာခွဲဝေမှုအပိုင်းကို ဆီလိုအပေါက်ရှာပြီး ထိုးနှက်လိုက်၊ တပ်မတော်က ၂၅ရာခိုင်နှုန်း ပါဝင်ရေးကိစ္စကို ပုံကြီးချဲ့လိုက်၊ တရားမဝင် လက်သိပ်ထိုးရေးထားတဲ့ ဖက်ဒရယ် အခြေခံဥပဒေကို ထောက်ခံလိုက်နဲ့ အမျိုးမျိုး အကြံအဖန်လုပ်နေကြတာပါပဲ။ ဒါပေမယ့် ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွှေ့ဘူးဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ခွေးဟောင်လို့တောင်မရွှေ့ဘူးဆိုပေမယ့် နည်းနည်းတော့ နားငြီးတာပေါ့ဗျာ။

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စနစ်တကျကူးပြောင်းနိုင်ရေးအတွက် အခြေအနေ အခွင့်အလမ်းကောင်းတွေ ဖူးပွင့်ဝေစည်နေတဲ့ ဒီလိုအချိန်မျိုးမှာ ဒီအမတ် ၉၂ဦးနဲ့ မင်းကိုနိုင်တို့အုပ်စုက ဘန်ကီမွန်းဆီ ပေးစာရေးတယ်ဆိုတာ ဘာသဘောလဲလို့ မေးခွန်းထုတ်နေစရာတောင် မလိုတော့ပါဘူး။ အောင်မြင်ပြီးမြောက်တော့မယ့် အမျိုးသားညီလာခံကြီးမှာ ပါဝင်ပြီး နှောင့်ယှက်ခြေထိုးဖျက်ဆီးဖို့ ကြိုးစားချင်တဲ့ အကြံတွေကိုလဲ လက်လျှော့လိုက်ပါတော့။ ဒီမိုကရေစီပန်းတိုင်ဆီကို အရှိန်ပြင်းပြင်းနဲ့ ခုတ်မောင်းခရီးဆက်နေတဲ့ ပြည်ထောင်စုရထားကြီးကို လမ်းမှာ မိုင်းထောင်၊ ဗုံးခွဲဖျက်ဆီးဖို့လဲ ပထွေးနဲ့ပေါင်းပြီး ကျားကုတ်ကျားခဲ ကြိုးပမ်းမနေကြပါနဲ့တော့။ ကျွန်တော်တို့ပြည်သူအားလုံးကတော့ တပ်မတော်အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထုဆစ်ပုံဖော်တည်ဆောက်ဖို့ တက်ကြွပျော်ရွှင်ညီညွတ်စွာ အားသစ်လောင်း ကြိုးပမ်းနေကြပါပြီလို့ပဲ ကျွန်တော်ပြောလိုက်ချင်ပါတယ်။

ဒီလိုပေးစာမျိုးကိုရေးတဲ့ CRPPက ဦးဖူကျင့်ရှင်းထန်၊ ဦးထောင်ခိုထန်း၊ ဦးအေးသာအောင်၊ ဦးစိုးဝင်းတို့ ဆိုတာကလဲ ဥပဒေနဲ့ မညီညွတ်လို့ ဖျက်သိမ်းခံနိုင်ငံရေးပါတီတွေက အမျိုးသားရေးသစ္စာဖောက်တွေပါ။ ဥပဒေချိုးဖောက်မှုတွေ အမျိုးမျိုးလုပ်ခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ပျက်တွေ၊ ထောင်ထွက်တွေပါ။ ဒီကြားထဲ မင်းကိုနိုင်လို နိုင်ငံရေးအချောင်သမားကပါ နောက်ကွယ်က စီစဉ်ပေးထားတယ်ဆိုတော့ ဒီပေးစာရဲ့အဆင့်အတန်းဟာ ကျွန်တော့်သမီးအငယ်မ ရေးတဲ့ စာစီစာကုံးလောက်တောင်အဆင့်အတန်းရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့်လဲ ကုလသမဂ္ဂက ဒီစာကို အရေးတယူလုပ်ပုံ မရဘူးလို့ အေပီသတင်းက ဆိုခဲ့တာပါ။

ဒီပေးစာပါ တောင်းဆိုချက်တွေကလဲ ကျွန်တော်အထက်မှာဖော်ပြခဲ့တဲ့ ပကတိဖြစ်ရပ်မှန်တွေနဲ့ ချိန်ထိုးကြည့်ရင် ဘယ်လိုမှ သဘာဝမကျဘူးဆိုတာ ထင်းခနဲမြင်သာနေပါပြီ။ ဒီကြားထဲ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လူထုဆန္ဒခံယူပြီး အတည်ပြုဖို့ မလိုဘူး။ သူတို့ Out of date ရွေးကောက်ပွဲ အခြေပြုလွှတ်တော်က အတည်ပြုပေးရင်ရပါပြီလို့ ဆိုလာသေး။ တော်တော်လဲ ရယ်ဖို့ကောင်းတဲ့ ပုဂ္ဂိုလ်တွေပါပဲ။ **ပြည်သူတစ်ရပ်လုံးနဲ့သက်ဆိုင်တဲ့ အခြေခံဥပဒေသစ်ကို ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုတာဟာ အမှန်ကန်ဆုံးလုပ်ရပ် မဟုတ်ဘူးလား။ သူတို့ ဘာပြောပြော ကျွန်တော်တို့ပြည်သူတွေကတော့ အသစ်ပေါ်ထွက်လာမယ့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ဆန္ဒမဲပေးပြီး အတည်ပြုပေးဖို့ မျှော်လင့်စောင့်စားနေကြပါပြီ။ အသည်းကြားက မဲတစ်ပြားနဲ့ နိုင်ငံတော်ရဲ့ အနာဂတ်ကံကြမ္မာအတွက် အဆုံးအဖြတ်ပေးဖို့ အသင့်ဖြစ်နေပါပြီ။ ဒီလို အခြေရောက်မှ ဟိုအကြံပေး၊ ဒီတင်ပြ၊ ဟိုတိုင် ဒီတောတွေ လုပ်မနေပါနဲ့လို့ပဲ ပြည်သူ့ကိုယ်စား ကျွန်တော်ပြောပါရစေ။**

ဒီနေရာမှာ ပြောဖို့တစ်ချက်ကျန်နေပါသေးတယ်။ မင်းကိုနိုင်အုပ်စုရဲ့ ၂၈-၆-၂၀၀၇ ရက်စွဲနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနဲ့ပတ်သက်တဲ့ သဘောထားကြေညာချက်ဆိုတာရယ်၊ ၈-၈-၂၀၀၇ ရက်စွဲနဲ့ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ(၁၉)နှစ်မြောက် အထိမ်းအမှတ် ကြေညာချက်ဆိုတာရယ် ထူးမခြားနားဇာတ်ခင်းပြီး ထွက်လာပါသေးတယ်။ အဲဒီမှာ ၈၈ အရေးအခင်းဟာ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကြောင့် ပေါ်ပေါက်ခဲ့ရပါတယ်ဆိုပြီး မဆိုင်တဲ့ အပေါက်ကို ကလိုင်နဲ့ ခေါက်ခဲ့ပါတယ်။ မင်းကိုနိုင်ရဲ့ ဆရာရင်းဗကပရဲ့ နှုတ်ကြောင်းပေးမှုနဲ့ ပြည်တွင်းပြည်ပ ပူးပေါင်းကြံစည် သွေးထိုးမှုတွေကြောင့် လူထုက မျက်စိလည်နားယောင်ပြီး ဖြစ်ခဲ့ရတဲ့ ၈၈အရေးအခင်းကို ဆင်သေကို ဆိတ်ရေနဲ့ဖုံးသလို ၁၉၇၄အခြေခံဥပဒေနဲ့ ဆွဲဖုံးနေတာကတော့ တစ်ဆိတ်တရားမလွန်လွန်းဘူးလား။

တကယ်တော့ ၁၉၇၄ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ခြောက်ပြစ်ကင်း သဲလဲစင်မဟုတ်ပေမယ့် အခုလိုမျိုး မင်းကိုနိုင်တို့က တစ်ဖက်သတ်စွပ်စွဲ အပြစ်ဖို့ရလောက်အောင် မဟုတ်ခဲ့ပါဘူး။ အဲဒီတုန်းက ပြည်သူကလဲ တကယ့်ကို နှစ်နှစ်ကာကာ လိုလိုချင်ချင်နဲ့ အားတက်သရော အတည်ပြုပြဋ္ဌာန်းပေးခဲ့တာပါ။ ဒါကြောင့် မဆီမဆိုင် ထင်ရာမြင်ရာကို စိတ်ရူးပေါက်တိုင်း လျှောက်လျှောက်လုပ်တတ်တဲ့ ဒီအုပ်စုရဲ့ ကြေညာချက်ကို ကျွန်တော် အမျိုးသားရေးဘက်က ရပ်တည်ပြီး ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်လို့ ပြောချင်ပါတယ်။

တကယ်တော့ မင်းကိုနိုင်ဆိုတာ ၈၈ ဆူပူအကြမ်းဖက်မှု နှောင်းပိုင်းကာလကျမှ ကျောင်းသားအရေး ခုတုံးလုပ်ပြီး နိုင်ငံရေးစင်ပေါ် တွားတက်လာခဲ့တာပါ။ အရေးအခင်းက ၈-၈-၁၉၈၈မှာ စခဲ့ပေမယ့် အဲဒီတုန်းက မင်းကိုနိုင်ဆိုတာ ဘယ်ချောင်မှာ သွားပုန်းနေခဲ့သလဲ။ ၂၈-၈-၁၉၈၈ ရက်နေ့ ကျောင်းသားညီလာခံ လုပ်နေတဲ့အချိန်ကျမှ ဗြုန်းကနဲ ပေါ်လာပြီး ဗကပ ကျောထောက်နောက်ခံနဲ့ ကျောင်းသားလောကကို အာဏာသိမ်းခဲ့တဲ့ ကွန်မြူနစ်ပါ။ စင်ပေါ်အတင်းတက်ပြီး သူ့ကိုယ်သူ ကြေညာခဲ့တဲ့ နိုင်ငံရေးအချောင်သမားပါ။ နောက်ပိုင်း ဗကသမှာ ဥက္ကဋ္ဌဖြစ်လာပြီး တစ်ဝက်တစ်ပျက် မြေအောက်ယူဂျီလုပ်ငန်းတွေနဲ့ ဆူပူအုံကြွမှုတွေ ထပ်ဖြစ်အောင် လှုံ့ဆော်နေတဲ့ အဖျက်သမားစစ်စစ်ပါ။ လက်ဝဲလား၊ လက်ယာလား၊ လစ်ဘရယ်ဒီမိုကရေစီလား ဆိုတာတောင် ကိုယ်ကိုယ်တိုင် မခွဲနိုင်တဲ့ နိုင်ငံရေးသဘောတရား နတ္ထိသမားပါ။ တစ်ချိန်တုန်းက ဒေါ်စုကြည်နဲ့ ဦးတင်ဦးကိုတောင် ဗီဇမမှန်တဲ့ ဒီမိုကရေစီသမားတွေလို့ ဝေဖန်လေကန်ပြီး အာချောင်ခဲ့သေးတဲ့ မလည်ရှုပ်တစ်ယောက်ပါ။

မင်းကိုနိုင်ရဲ့ လုပ်ရပ်တွေကိုကြည့်ရင် ဗကပ ဆရာကြီးများရဲ့ နည်းနာနိဿယတွေကို အပြည့်အဝလိုက်နာ ကျင့်သုံးတယ်ဆိုတာ ထင်ရှားနေပါတယ်။ ဒီနေ့မင်းကိုနိုင် စတန့်ထွင်ခဲ့တဲ့ ဘာ Campaign ၊ ညာ Campaignဆိုတာတွေက ဗကပ ကိုးကွယ်တဲ့ ဆရာကြီးဂျင်းရှပ်ရဲ့ နိုင်ငံရေး အန်တုနည်းတွေကို မင်းကိုနိုင်က လက်တွေ့ လိုက်လုပ်နေတာတွေပါ။ ဒီတော့ မင်းကိုနိုင်ဘာလဲ၊ ဘယ်လဲဆိုတာ ရှင်းနေပါပြီ။

ဘာပဲဖြစ်ဖြစ် နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် လှုံ့ဆော်သွေးထိုးနေတာတွေ၊ Campaignအမျိုးမျိုးဖန်တီးပြီး ဆန့်ကျင်လှုပ်ရှားနေတာတွေ၊ အခုနောက်ဆုံး အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ ပေါင်းပြီး ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေအထိ စီစဉ်ကြိုးပမ်းလုပ်ဆောင်နေတာတွေဟာ တည်ဆဲဥပဒေကို နည်းအမျိုးမျိုးနဲ့ အကြိမ်ကြိမ် ချိုးဖောက် နေတာပဲဖြစ်ပါတယ်။ အခုလို CRPPနဲ့ ပေါင်းပြီး ပေးစာတွေရေးနေ၊ လုပ်နေတာတွေဟာလဲ အမျိုးသားညီလာခံပျက်ပြားအောင် ထိပါးနှောင့်ယှက်နေတာဖြစ်လို့ ဥပဒေအမှတ် (၅/၉၆)ကို ချိုးဖောက်ကျူးလွန်နေတာပဲဖြစ်ပါတယ်။ တကယ်ဆို ထိထိရောက်ရောက် အရေးယူရမှာ ဖြစ်ပေမယ့် တပ်မတော်အစိုးရက သဘောထားကြီးကြီးထားပြီး နားလည်ခွင့်လွှတ်ပေးလာခဲ့တာ ကြာပါပြီ။ အခုမှပဲ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ လုံခြုံအေးချမ်းရေးအတွက် မလွှဲမရှောင်သာတော့လို့ ခေါ်ယူမေးမြန်း စစ်ဆေးရတဲ့အဆင့်အထိ ရောက်လာခဲ့တာပါ။

အလားတူ NLD အမတ်တချို့အပါအဝင် CRPP အဖွဲ့တွေလဲ လက်ရှိဦးတည်နေတဲ့ လမ်းကြောင်းအတိုင်းသာ ဆက်ပြီး ရှေ့တိုးလုပ်နေမယ်ဆိုရင်တော့ တစ်ချိန်ချိန်မှာ မင်းကိုနိုင်တို့ ၈၈ မျိုးဆက်ကျောင်းသားများအမည်ခံအုပ်စုလိုပဲ အရေးယူခံရမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါ။ ဥပဒေရဲ့ အထက်မှာ ဘယ်သူမှမရှိနိုင်ဘူး မဟုတ်လား။ ဒါကြောင့် ဥပဒေက ဒဏ်မခတ်မီ ဥပဒေကို လေးစားအရေးထားကြဖို့ ကျွန်တော် စေတနာနဲ့ ပြောလိုက်ချင်ပါတယ်။

ချုပ်ပြီးပြောရရင်တော့ **တည်ဆဲအစိုးရအပေါ် ဆန့်ကျင်နေတဲ့ ပြည်တွင်း၊ပြည်ပ အဖွဲ့များအနေနဲ့ အစိုးရဆန့်ကျင်ရေး၊ အမျိုးသားညီလာခံ ဆန့်ကျင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန့်ကျင်ရေး၊ ပြည်သူ့ဆန္ဒခံယူပွဲ ဆန့်ကျင်ရေးစတဲ့ ဆန့်ကျင်ရေးသံသရာက နိုးထဖို့ အချိန်တန်ပါပြီ။ တည်ဆဲဥပဒေများကို အမျိုးမျိုးချိုးဖောက် ကျူးလွန်ခဲ့သမျှအပေါ် အလွန်မှ သဘောထားကြီးပြီး လိုက်လျောနားလည် ခွင့်လွှတ်ပေးခဲ့တဲ့ တပ်မတော်အစိုးရကိုလဲ အားနာသင့်လှပါပြီ။ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထုဆစ်ပုံဖော် တည်ဆောက်ဖို့ အားသန်တက်ကြွနေကြတဲ့ ပြည်သူရဲ့ဆန္ဒကိုလဲ ငဲ့ညှာထောက်ထားသင့်လှပါပြီ။ ဒီလိုမဟုတ်ဘဲ ငါ့မြင်းငါစိုင်း၊ ငါ့လှေငါထိုး အတင်းရှေ့ဆက်တိုးနေမယ်ဆိုရင်တော့ ဥပဒေက ခွင့်လွှတ်မှာမဟုတ်ပါဘူး။ အစိုးရကလဲ ထိုင်ကြည့်နေမှာမဟုတ်ပါဘူး။ ဒီထက်ပိုပြီး ပြည်သူကလဲ ဒီအတိုင်း ငြိမ်ခံနေမှာ မဟုတ်ပါဘူး။ ဥပဒေအရ အရေးယူခံရတာထက် မိဘပြည်သူရဲ့မေတ္တာစူးရောက် ဒဏ်ခတ်ခံရတာက အဆပေါင်းများစွာ ပိုထိရောက် ပြင်းထန်ပြီး ဘဝ ပျက်သွားနိုင်တယ်ဆိုတာ ကျွန်တော်ထပ်ပြီး သတိပေးချင်ပါတယ်။**

တကယ့်စိတ်ရင်းစေတနာအမှန်နဲ့ သတိပေးနေတာပါ။ ။

တည်ဆဲ အစိုးရအပေါ် ဆန့်ကျင်နေတဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့များ အနေနဲ့ အစိုးရဆန့်ကျင်ရေး၊ အမျိုးသားညီလာခံ ဆန့်ကျင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန့်ကျင်ရေး၊ ပြည်သူ့ဆန္ဒခံယူပွဲ ဆန့်ကျင်ရေးစတဲ့ ဆန့်ကျင်ရေးသံသရာက နိုးထဖို့ အချိန်တန်ပါပြီ။

နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် လှုံ့ဆော်သွေးထိုး နေတာတွေ၊ Campaign အမျိုးမျိုးဖန်တီးပြီး ဆန့်ကျင်လှုပ်ရှားနေတာတွေ၊ အခုနောက်ဆုံး အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ပေါင်းပြီး ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းတွေအထိ စီစဉ်ကြိုးပမ်းလုပ်ဆောင်နေတာတွေဟာ တည်ဆဲဥပဒေကို နည်းအမျိုးမျိုးနဲ့ အကြိမ်ကြိမ်ချိုးဖောက်နေတာပဲ ဖြစ်ပါတယ်။



၂၀၀၈ခုနှစ်၌ ကမ္ဘာလှည့်ခရီးသွား ရှစ်သန်း အင်ဒိုနီးရှားသို့ လာရောက်လည်ပတ်ရန် မျှော်မှန်း

ဂျကာတာ ဩဂုတ် ၂၅

အင်ဒိုနီးရှား အစိုးရအနေဖြင့် လာမည့် ၂၀၀၈ခုနှစ်တွင် ကမ္ဘာလှည့် ခရီးသွား ခုနစ်သန်းကျော် လာရောက်လည်ပတ်ရန် မျှော်မှန်းထားကြောင်း ယဉ်ကျေးမှုနှင့် ခရီးသွားဝန်ကြီးဌာန ဝန်ကြီး ဂျရိုဝါတစ်က ဩဂုတ် ၂၂ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသွားများလာရောက်လည်ပတ်မှုမှာ ပြီးခဲ့သည့် နှစ်နှစ်ကတည်းက မြင့်တက်လာခဲ့ကြောင်း အဆိုပါ ဝန်ကြီး၏ ပြောကြားချက်ကို အင်တာရာ သတင်းဌာနက ကိုးကားဖော်ပြသည်။

မျှော်မှန်းထား

ပြီးခဲ့သည့် ၂၀၀၆ခုနှစ်က အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသွား ငါးသန်းကျော်လာရောက်လည်ပတ်ခဲ့ပြီး ယခု ၂၀၀၇ခုနှစ်အတွင်းတွင် ကမ္ဘာလှည့်ခရီးသွား ခြောက်သန်း လာရောက်လည်ပတ်မည်ဟု မျှော်မှန်းထားသည်။

လာရောက်လည်ပတ်

အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ ဘာလီကျွန်းအပန်းဖြေစခန်းမှာ ကမ္ဘာလှည့်ခရီးသွားများ အများဆုံး လာရောက်လည်ပတ်ရာ ဒေသတစ်ခုဖြစ်ပြီး ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ကမ္ဘာလှည့်ခရီးသွား ၅၂၀၀ခန့် လာရောက်လည်ပတ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ လမ်းဘေးဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဩဂုတ် ၂၅

ဘဂ္ဂဒက်အရှေ့ပိုင်း၌ ဩဂုတ် ၂၁ရက်က လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း အယ်ဂျာဒီဒါအနီး ခရီးသည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်ဖြတ်မောင်းစဉ် လမ်းဘေးဗုံး ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ဩဂုတ် ၂၁ ရက် စောစောပိုင်းကလည်း လုံခြုံရေးတင်းကျပ်စွာချထားသည့် အစိမ်းရောင်ဇုန်အတွင်း စိန်ပြောင်းဖြင့် သုံးလေးကြိမ်ပစ်ခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရတနာဆွဲသီး

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျင်းပြည်နယ် နိုင်ဘိုမြို့ရှိ ရတနာအရောင်းပြခန်းတစ်ခုတွင် အရောင်းမြှင့်တင်ရေး ဝန်ထမ်းတစ်ဦးက ရတနာဆွဲသီးတစ်ခု ပြသနေသည်ကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ အမေရိကန်ဗိုလ်ကြီးတစ်ဦး လာဘ်စားမှုဖြင့် တရားစွဲခံရ

နယူးယောက် ဩဂုတ် ၂၅

အီရတ်မှ အမေရိကန်စစ်ဘက်ကန်ထရိုက်လုပ်ငန်းများကို ကုမ္ပဏီများအားချပေးရာတွင် လာဘ်ငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ယူမှုဖြင့် အမေရိကန် ကြည်းတပ်ဗိုလ်ကြီးတစ်ဦးအား မန်ဟက်တန်တရားရုံးက ဩဂုတ် ၂၃ ရက်၌ စွဲချက်တင်လိုက်သည်။

လာဘ်စား

တရားစွဲခံရသူ အမေရိကန် ကြည်းတပ်အရာရှိမှာ နယူးယောက်မှ အသက်၂၇နှစ်အရွယ်ရှိ ဩစတင်ကီးဆိုသူဖြစ်ပြီး ၂၀၀၇ခုနှစ်အတွင်း အီရတ်၌ တာဝန်ထမ်းဆောင်စဉ် လုပ်ငန်းရှင်တစ်ဦးထံမှ လာဘ်စားခြင်းဖြစ်သည်။

စွဲချက်တင်ထား

ထို့ပြင် သူထိန်းကျောင်းပေးသည့် ကုမ္ပဏီကန်ထရိုက်လုပ်ငန်းတိုင်း၏ ငါးရာခိုင်နှုန်းကိုလည်း ပေးရမည်ဟု ဗိုလ်ကြီးဩစတင်ကီးက တောင်းဆိုသေးကြောင်း စွဲချက်တင်ထားသည်ဟု ဆိုသည်။

တရားရုံးက ၎င်းအား အာမခံဒေါ်လာ ၅၀၀၀၀၀ဖြင့် ဩဂုတ် ၂၃ ရက်က လွှတ်လိုက်ပြီး ပြစ်မှုထင်ရှားလျှင် အမှုတစ်မှုအတွက် အများဆုံး ထောင်ဒဏ်၁၅နှစ် ကျခံရမည်ဟု သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်ချယ်ရီမော်တော်ကားကုမ္ပဏီ စီးရေတစ်သန်းမြောက် ကားထုတ်လုပ်

ပေကျင်း ဩဂုတ် ၂၅

တရုတ်နိုင်ငံ မော်တော်ကားထုတ်လုပ်ရေး၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ချယ်ရီမော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီက ၎င်း၏ စီးရေတစ်သန်းမြောက် ကားကို ဩဂုတ် ၂၂ ရက်က ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

စတင်ထူထောင်

ချယ်ရီမော်တော်ကားကုမ္ပဏီကို ၁၉၉၇ခုနှစ်က ထူထောင်ခဲ့ပြီး ထိုနှစ် ဒီဇင်ဘာလမှ စတင်ကာ မော်တော်ကားများကို ထုတ်လုပ်ရောင်းချခဲ့သည်။

ကြေညာ

လုပ်ငန်းဆောင်ရွက်နေသည့် ခုနစ်နှစ်နှင့်ကိုးလကာလအတွင်းတွင် ၎င်းကုမ္ပဏီ၏ တစ်သန်းမြောက် မော်တော်ကားကို ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ ကြေညာချက်၌ ပါရှိသည်။

ထုတ်လုပ်ခဲ့

ခြောက်နှစ်တာကာလအတွင်းတွင် ချယ်ရီမော်တော်ကားကုမ္ပဏီ အနေဖြင့် ကားစီးရေ ၅၀၀၀၀၀နီးပါး ထုတ်လုပ်ခဲ့ပြီး ကျန် ၁၇လအတွင်း၌ ကားစီးရေ သန်းဝက်ကို ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မက္ကဆီကိုနိုင်ငံ ပူဘာလာမြို့သို့ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်သွားပြီးနောက် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ လုပ်ငန်းများဆောင်ရွက်နေကြသည်ကို ဩဂုတ် ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နီပေါ၌ ဆောင်းရာသီကာလအတွင်း နေ့စဉ်လျှပ်စစ်ဓာတ်အား ၁၁နာရီ ဖြတ်မည်

ခတ္တမန္ဒူ ဩဂုတ် ၂၅

နီပေါနိုင်ငံတွင် ဆောင်းရာသီလများ၌ နေ့စဉ်လျှပ်စစ်ဓာတ်အား ၁၁နာရီ ဖြတ်တောက်ထားမည်ဖြစ်ကြောင်း၊ ယင်းမှာ လျှပ်စစ်ဓာတ်အား ခြိုးခြံ ချွေတာခြင်းဖြစ်ကြောင်း နီပေါနိုင်ငံထုတ် သည်ခတ္တမန္ဒူပို့စ်သတင်းစာက ဩဂုတ် ၂၄ရက်၌ ဖော်ပြသည်။

အဆိုပါကာလအတွင်း လျှပ်စစ်ဓာတ်အား ၃၅၄မဂ္ဂါဝပ်လိုအပ်မှုကို ကာမိစေရန်ဖြစ်ကြောင်း နီပေါနိုင်ငံပိုင် လျှပ်စစ်အာဏာပိုင်အဖွဲ့ (အင်န်အီးအေ)က ပြောကြားသည်။

လိုအပ်

နီပေါနိုင်ငံတွင် ဆောင်းရာသီကာလများ၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ၇၁၄မဂ္ဂါဝပ်အထိရှိလာမည်ဖြစ်ရာ မဂ္ဂါဝပ်၃၆၀ခန့် လိုအပ်လျက်ရှိကြောင်း သိရသည်။

နီပေါနိုင်ငံ၌ လောလောဆယ် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၄၀ လိုအပ်နေသော်လည်း ဖြန့်ဖြူးပေးနိုင်မှုမှာ မဂ္ဂါဝပ် ၅၁၀ခန့်သာရှိနေသည်။ နီပေါနိုင်ငံသည် လောလောဆယ်တွင် အိန္ဒိယမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀ ယူနေရကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော ဘတ်စကက်ဘောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသူများအား ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လေဖြတ်ရောဂါသည်များအား ပြုစုစောင့်ရှောက်မှု ဗြိတိန်၌ အားရဖွယ် မရှိဟုဆို

လန်ဒန် ဩဂုတ် ၂၅

ဗြိတိန်နိုင်ငံအနေဖြင့် လေသင်တုန်းဖြတ်ခြင်းကို အမြန်ဝန်ဆောင်မှု တိုးမြှင့်ပေးရန်လိုအပ်ကြောင်း၊သို့မဟုတ်ပါက အနောက်ပိုင်းနှင့် ဥရောပတွင် ထိုရောဂါနှင့်ပတ်သက်၍ အဆိုးဆုံးအခြေအနေ၌ပင် ရှိနေမည်ဖြစ်ကြောင်း လန်ဒန်မြို့စိန့်ဂျော့ဆေးသိပ္ပံမှ ပါမောက္ခဟတ်မားကတ်စ်က သတိပေးလိုက်သည်။

ဗြိတိန်နိုင်ငံ၌ ထိုရောဂါသည်များအား ပြုစုစောင့်ရှောက်မှုမှာ အားရလောက်အောင် မရှိကြောင်း ပါမောက္ခမားကတ်စ်က ထောက်ပြလိုက်သည်။

၁၀ နှစ်အတွင်းတွင် တိုးတက်မှုများရှိသည်ဟု ဗြိတိန်အစိုးရက ကြေညာသော်လည်း ဗြိတိန်၌ သေဆုံးသူများတွင် လေဖြတ်ရောဂါကြောင့် သေဆုံးသူဦးရေမှာ တတိယအများဆုံးဖြစ်ပြီး နှစ်စဉ်လူ ၆၀၀၀၀ကျော် သေဆုံးခဲ့သည်။

(အင်တာနက်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာ့ရိုးရာလက်ဝှေ့ စတုတ္ထအကြိမ် ကိုယ်အလေးချိန်အတန်းလိုက် ၂၀၀၇ခုနှစ် ရွှေခါးပတ်ချန်ပီယံလုပွဲဖွင့်ပွဲအခမ်းအနားတွင် အားကစားသမားများအားနှုတ်ဆက်စဉ်။ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

❒ **ကျောဖုံးမှ**

ဆက်လက်၍ ကွာတားဖိုင်နယ် ပထမနေ့ပွဲစဉ်များအဖြစ် ကီလိုတန်း သုံးတန်း၌ ရိုးရာလက်ဝှေ့ကျော်၂၄ဦး တို့က ရိုးရာလက်ဝှေ့ပွဲ ၁၂ပွဲကို ယှဉ်ပြိုင် ထိုးသတ်ကြရာ အားကစား ဝါသနာ ရှင်များ တစ်ခဲနက် ရှုစားအားပေး ကြသည်။

ဖလိုင်းဝိတ်တန်း

၅၁ ကီလို ဖလိုင်းဝိတ်တန်းပွဲစဉ် ပွဲစဉ်(၁)အဖြစ် ဖွဲ့သတ္တိ(သူရဲကောင်း) နှင့် နိုင်ဝင်း(မျိုးဆက်သစ်)တို့ ယှဉ်ပြိုင် ထိုးသတ်ကြရာ ပထမအချီ ၁မိနစ် ၆စက္ကန့်၌ အပြာထောင့်မှ နိုင်ဝင်း (မျိုးဆက်သစ်) မျက်ခုံး ကွဲသွားရာ ဆရာဝန်က ဆက်ထိုးခွင့်မပြုတော့ဘဲ အနီထောင့်မှ ဖွဲ့သတ္တိ (သူရဲကောင်း) ကို အနိုင်ပေးလိုက်သည်။

ပွဲစဉ်(၂)အဖြစ် ထစ်ချွန်း(မြန်မာ

ဒေါင်းညိုလေး (ဒေါင်းမြန်မာ)နှင့် နဂါးလေး (တနင်္သာရီတိုင်း)တို့ ဤသို့ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်ခဲ့ကြသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပြည်သား)နှင့် ခိုင်လင်း (တောင်ကလေး)တို့ယှဉ်ပြိုင်ထိုးသတ်ကြရာ ငါးချီ ပြည့်သည်အထိ အနိုင်အရှုံးမပေါ်၍ ဒိုင်လူကြီးများက အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ရာ ဒိုင်လူကြီး ငါးဦးစလုံးက အပြာထောင့်မှ ခိုင်လင်း (တောင်ကလေး)ကို အနိုင်ပေးလိုက်သည်။

ပွဲစဉ်(၃)အဖြစ် ရွှေချစ်သွေး (နှစ်ရှည်ဥယျာဉ်ခြံ)နှင့် ပအိုဝ်းလေး (မြို့တော်စည်ပင်)တို့ ယှဉ်ပြိုင်ထိုး သတ်ကြရာ ဒုတိယအချီ ၂မိနစ် ၄၀ စက္ကန့်၌ အနီထောင့်မှ ရွှေချစ်သွေး (နှစ်ရှည်ဥယျာဉ်ခြံ)က အလဲထိုးဖြင့် အနိုင်ရရှိသည်။

ပွဲစဉ်(၄)အဖြစ် မိုးကြိုး(တနင်္သာရီတိုင်း)နှင့် ရွှေကျည်ဆံ (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ပထမအချီ ၁မိနစ် ၁၉စက္ကန့်၌ အပြာထောင့်မှ ရွှေကျည်ဆံ (ဘီလပ်မြေစက်ရုံ)က အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

၅၁ကီလို ဖလိုင်းဝိတ်တန်း အကြိုဗိုလ်လုပွဲ စဉ်များကို စက်တင်ဘာ ၁ရက်တွင် ကျင်းပမည်ဖြစ်ရာ ဖွဲ့သတ္တိ (သူရဲကောင်း)နှင့် ခိုင်လင်း (တောင်ကလေး)၊ ရွှေချစ်သွေး (နှစ်ရှည်ဥယျာဉ်ခြံ)နှင့် ရွှေကျည်ဆံ (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင် ထိုးသတ်ကြရမည်ဖြစ်သည်။

လိုက်ဝိတ်တန်း

ကီလို ၆၀ လိုက်ဝိတ်တန်းပွဲစဉ် ပွဲစဉ်(၅)အဖြစ် မောရွှေ (အလင်းရောင်)နှင့် ကြည်မင်းသူ(ခ) ဘီလပ်မြေ မောင်မောင် (ငြိမ်းချမ်းရေး)တို့ ယှဉ်ပြိုင် ထိုးသတ်ကြရာ တတိယအချီ ၁၀စက္ကန့်၌ အနီထောင့်မှ မောရွှေ (အလင်းရောင်)က အလဲထိုးဖြင့်အနိုင် ရရှိသွားသည်။

ပွဲစဉ်(၆)အဖြစ် ဟိန်းညီညီ (မြို့တော်စည်ပင်)နှင့် တွေ့မရှောင် (K.L.N)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ဒုတိယအချီ ၁မိနစ်၅၆စက္ကန့်၌ အပြာထောင့်မှ တွေ့မရှောင် (K.L.N)က အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲစဉ်(၇)အဖြစ် မဲလေး(တနင်္သာရီတိုင်း)နှင့် ရွှေမင်းရာဇာ (မျိုးဆက်သစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ပထမအချီ ၃၉စက္ကန့်၌ အပြာထောင့်မှ ရွှေမင်းရာဇာက အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲစဉ်(၈)အဖြစ် သတ္တိအောင် (တောင်ကလေး)နှင့် မင်းစကြာ(နှစ်ရှည်ဥယျာဉ်ခြံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ တတိယအချီ ၂မိနစ် ၅၃စက္ကန့်၌ အပြာထောင့်မှ မင်းစကြာ(နှစ်ရှည်ဥယျာဉ်ခြံ) ဒဏ်ရာ အနာတရဖြစ်ပြီး ဆရာဝန်က ဆက်ထိုးခွင့် မပြုတော့၍ အနီထောင့်မှ သတ္တိအောင်(တောင်ကလေး) အနိုင်ရရှိသွားသည်။

ကီလို ၆၀ လိုက်ဝိတ်တန်း အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၁ရက်တွင်ကျင်းပမည်ဖြစ်ရာ မောရွှေ(အလင်းရောင်)နှင့် တွေ့မရှောင် (K.L.N)၊ ရွှေမင်းရာဇာ(မျိုးဆက်သစ်)နှင့် သတ္တိအောင်(တောင်ကလေး)တို့ ယှဉ်ပြိုင် ထိုးသတ်ကြရမည်ဖြစ်သည်။

လိုက်ဝယ်လ်တာဝိတ်တန်း

၆၃ဒသမ၅ကီလို လိုက်ဝယ်လ်တာ ဝိတ်တန်းပွဲစဉ် ပွဲစဉ်(၉)အဖြစ် ဒေါင်းညိုလေး(ဒေါင်းမြန်မာ)နှင့် နဂါးလေး (တနင်္သာရီတိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြသည်။ ပထမအချီ၌ နှစ်ဦးစလုံး

အကြိတ်အနယ်ယှဉ်ပြိုင်

ရိုးရာလက်ဝှေ့ပြိုင်ပွဲဝင်များ သူတင်ကိုယ်တင် အကြိတ်အနယ် ယှဉ်ပြိုင် ထိုးသတ်ကြစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဆိုင်ထိုးပြိုင်ထိုး ပညာအမျိုးမျိုးသုံးကြ၍ ပွဲကြည့်ကောင်းလှသည်။ နှစ်ဦးစလုံး လက်သီး အားပြုထိုးရာ ဘတစ်ပြန် ကျားတစ်ပြန် အမှားမခံသည့် ပွဲဖြစ်သည်။

ဒေါင်းညိုလေးက အပေါ်စီးမှ လိုက်ထိုးရာ နဂါးလေး ကြမ်းပြင်ပေါ် နှစ်ကြိမ် ပြုတ်ကျသော်လည်း ဒိုင်လူကြီး၏ အမှတ်စဉ်ရေတွက်မှု မပြီးဆုံးခင် ငေါက်ခနဲပြန်ထနိုင်၍ပရိသတ်လက်ခုပ် သံမြိုင်ခဲ့ရသည်။ ဒုတိယအချီ၌ ဒေါင်းညိုလေးကပင် လက်ရည်သာပြီး လက်သီးမိုးရွာခဲ့ရာ နဂါးလေး လဲကျသွားသော်လည်း ပြန်ထလာပြန်သည်။ ဒုတိယအချီ ၁မိနစ် ၃၂စက္ကန့်၌ ဒေါင်းညိုလေး၏ ညာဒူးပင့်တိုက်ချက် နဂါးလေး အရိုက်ကို ထိသွားသည့်အခါ၌ နဂါးလေး အမောက်မထောင်နိုင်တော့ဘဲ ဒေါင်းညိုလေး အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

အငိုက်မိ

ပွဲစဉ်(၁၀)အဖြစ် စစ်အောင် (နှစ်ရှည်ဥယျာဉ်ခြံ)နှင့် စောဖွဲ့လေး (K.L.N)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ပရိသတ်အကြိုက် ပွဲကောင်းပင်ဖြစ်သည်။ လွတ်ဟော့ဆိုသည်နှင့် စောဖွဲ့လေး ဖွင့်တိုက်ရာ စစ်အောင်အငိုက်မိပြီး ကြိုးဝိုင်းထောင့် ပြုတ်ကျသွားသည်။ စောဖွဲ့လေး ဆက်တိုက် ဖိထိုးရာ စစ်အောင်က ပူးချုပ်ပြီး ကိုင်ပေါက်သည်။ စောဖွဲ့လေးက ဒီလောက်တော့ အညောင်းအညာပြေပဲဆိုသော ဟန်ဖြင့် လက်ကိုဖြန့်ကား၍ ခေါ်ထိုးသည်။

နှစ်ဦးစလုံး အနင်းအတားဖြင့် ရင်ဆိုင်ရာ ကြည့်ရသူများ အပြင်းဖျားလောက်သည်။ စောဖွဲ့လေးက လာသူငယ်ချင်းဆိုသည့် ဟန်ဖြင့် ခေါ်ထိုးရာ စစ်အောင် အဝင်မှား၍ ကားကနဲပြုတ်ကျသည်။ စစ်အောင် ပြန်ထလာပြီး အပူးအချုပ်ဖြင့် ဒူးထုတ်ကာ ဗျူဟာ

ညာဒူးတိုက်ချက်

လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ဒသမ၅ ကီလိုတန်းတွင် စောဝီလျံသိန်း (အင်းစိန်) ညာဒူး တိုက်ချက်မှာ အောင်ဇေယျ (ဘီလပ်မြေ စက်ရုံ)၏ ရင်ဘတ်အောက်ကို ဤသို့ ထိမိခဲ့သည်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ပြောင်းပြီး ခေါင်းချင်း ဆိုင်ရိုက်ရာ ခေါင်းမာသည့် စောဖွဲ့လေး အကြိုက်ဖြစ်သွားသည်။ ပထမအချီ ၂မိနစ်၃၅ စက္ကန့်၌ အနီထောင့်မှ စစ်အောင် (နှစ်ရှည်ဥယျာဉ်ခြံ) ခေါင်းချင်းဆိုင် အရိုက် မူးလဲကျသွား၍ အနီထောင့်မှ စောဖွဲ့လေး အနိုင်ရရှိသွားသည်။

အစဉ်အလာမပျက်

ပွဲစဉ် (၁၁)အဖြစ် အောင်ဇေယျ (ဘီလိပ်မြေစက်ရုံ)နှင့် စောဝီလျံသိန်း (အင်းစိန်မြို့နယ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ လက်ရည် မမျှသော်လည်း စောဝီလျှံသိန်းက အစဉ်အလာမပျက် စတုတ္ထအချီအထိ တောင့်ခံပြီး ထိုးသွား၍ ပရိသတ်လက်ခုပ်သံ မြိုင်ခဲ့ရသည်။ စောဝီလျှံသိန်းက အသည်းမာမာ ဖွဲ့ပါပါ ပွဲဝင်လာသူပီပီ မကြောက်တမ်း၊ မရွံ့တမ်းခံထိုး၍ အောင်ဇေယျ ခက်ခက်ခဲခဲ ထိုးရသော ပွဲဖြစ်သည်။ စတုတ္ထအချီ ၁မိနစ် ၁၄စက္ကန့်၌ အပြာထောင့်မှ စောဝီလျှံသိန်း ဆက်လက် မယှဉ်ပြိုင် နိုင်၍ အနီထောင့်မှ အောင်ဇေယျ (ဘီလပ်မြေစက်ရုံ) အနိုင်ရရှိသွားသည်။

ပွဲစဉ်(၁၂)အဖြစ် ပတ္တမြားငမောက် (မြန်မာပြည်သား)နှင့် ၂၀၀၆ခုနှစ် ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(လယ်ယာ/ ဆည်မြောင်း)တို့ ယှဉ်ပြိုင် ထိုးသတ်ကြရာ ပရိသတ်ထင်မှတ်ထားသည်ထက်ပင် ပွဲသိမ်းမြန်ခဲ့ရသည်။ ရွှေခါးပတ် လုပွဲတွင် မဲကျ၍သာ ဝင်းထွန်းနှင့် ထိုးခွင့်ရသော ပတ္တမြားငမောက်သည် လက်သီးပင် ကောင်းကောင်း မခင်းလိုက်ရချေ။

မိတ်ဆွေဖွဲ့

ဒိုင်လူကြီးက ထိုးဆိုသည်နှင့် ဝင်းထွန်း၏ လက်သီးပြင်းက ပတ္တမြားငမောက်မျက်နှာကို ဖြောင့်ဖြောင့်ကြီး ထိမှန်လေရာ ပုံကနဲ ကျသွားသည်။ ပရိသတ်များက ပွဲသိမ်းပြီ အထင်ဖြင့် ထပြန်ဖို့ပြင်နေစဉ် ပတ္တမြားငမောက် ပြန်ထလာသည်။ ပထမအချီ၁၈စက္ကန့်၌ ဝင်းထွန်း၏ ညာဒူးက ပတ္တမြားငမောက်၏ မေးရိုးကို တန်းတန်းမတ်မတ်ကြီး မိတ်ဆွေ ဖွဲ့လေသောအခါ ပတ္တမြားငမောက် ပြန်မထနိုင်တော့ဘဲ နှာနှတ်ယူခဲ့ရသည်။ ဝင်းထွန်း၏ ထိုးသတ်ပုံကို အားရပါးရ ကြည့်ချင်သော ပရိသတ်များ အကြိုဗိုလ်လုပွဲကို မျှော်ရတော့မည်ဖြစ်သည်။

၆၃ဒသမ၅ကီလို လိုက်ဝယ်လ်တာ ဝိတ်တန်း အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၁ရက်တွင်ကျင်းပမည် ဖြစ်ရာ ဒေါင်းညိုလေး (ဒေါင်းမြန်မာ) နှင့်ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)၊ စောဖွဲ့လေး(K.L.N)နှင့် အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ် ကြရမည်ဖြစ်သည်။

တွေ့ဆုံမေးမြန်း

အတန်းလိုက် ကွာတားဖိုင်နယ် ပထမနေ့ ပွဲစဉ်များ အပြီးတွင် ၆၃ဒသမ ၅ကီလို လိုက်ဝယ်လ်တာဝိတ်တန်း၌ အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသောရိုးရာလက်ဝှေ့ကျော် များအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ ဒေါင်းညိုလေး (ဒေါင်းမြန်မာ)က **"အခုလို ရွှေခါးပတ်လုပွဲမှာ အနိုင်ရရှိလို့ အတိုင်းမသိ ဝမ်းသာပါတယ်၊ ကျွန်တော့်အသက် ၂၇နှစ်ပါ၊ လက်ဝှေ့ထိုးသက် ၁၇နှစ်ရှိပါပြီ၊ အခုပွဲမတိုင်မီက တွံတေးမှာ တွေ့မရှောင် (K.L.N)နဲ့ ထိုးသတ်ခဲ့တာ သရေကျခဲ့ပါတယ်။ အကြိုဗိုလ်လုပွဲမှာ ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)နဲ့ တွေ့ရမှာဆိုတော့ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရမှာပါ။ ဝင်းထွန်းနဲ့ အရင်က မဆုံတွေ့ဖူးပါဘူး"**ဟု ပြောကြားသည်။

အကောင်းဆုံးကြိုးစား

စောဖွဲ့လေး (K.L.N)ကလည်း **"အကြိုဗိုလ်လုပွဲ တက်ခွင့်ရလို့ ပျော်ပါတယ်။ ကျွန်တော့်အသက် ၂၁နှစ်ပါ။ လက်ဝှေ့ထိုးသက် လေးနှစ်ရှိပါပြီ။ စစ်အောင်ကို အရင်က မတွေ့ဆုံခဲ့ဖူးပါဘူး။ အခုပွဲမတိုင်မီက ဂျပန်နိုင်ငံမှာ ဂျပန်လက်ဝှေ့သမား မူရိုင်းနဲ့ထိုးသတ်ခဲ့တာ တတိယအချီမှာ အနိုင်ရခဲ့ပါတယ်။ ရွှေခါးပတ်ချန်ပီယံဆု ရဖို့ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ"** ဟုပြောကြားသည်။

အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)ကို မေးမြန်းရာတွင် **"အနိုင်ရလို့ ပျော်ပါတယ်။ ကျွန်တော့်အသက် ၂၅နှစ်ပါ။ လက်ဝှေ့ထိုးသက် ခြောက်နှစ်ရှိပါပြီ။ အခုပွဲမတိုင်မီက ဂျပန် နိုင်ငံမှာ ဂျပန်လက်ဝှေ့သမားနဲ့ ထိုးသတ်ခဲ့တာ တတိယအချီမှာ အမှတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ အကြိုဗိုလ်လုပွဲမှာ စောဖွဲ့လေးနဲ့ တွေ့ရမှာဆိုတော့ အကြိတ်အနယ်ပြိုင်ရမှာပါ။ ပြိုင်ပြီဆိုရင်တော့ အနိုင်ရဖို့ ယုံကြည်မှု အပြည့်နဲ့ ထိုးမှာပါပဲ။ ရွှေခါးပတ်ဆုရအောင် ရည်မှန်းပြီး ပြိုင်ပွဲဝင်တာပါ"**ဟု ပြောကြားသည်။

အလွတ်လေးရတုန်း

ရွှေခါးပတ် ချန်ပီယံ ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း) ကလည်း **"အခုလို မြန်မြန်နဲ့ ပွဲသိမ်းနိုင်မယ်လို့တော့ မထင်ထားခဲ့ပါဘူး။ အလွတ်လေ ရတုန်း အပိုင်လုပ်လိုက်ရင်း ပွဲသိမ်းမြန်သွားတာပါ။ အရင်ကလဲ အခုလို စက္ကန့်ပိုင်းအတွင်း ပွဲသိမ်းခဲ့တာ သုံးပွဲလောက်ရှိပါတယ်။ ဒီလို ရွှေခါးပတ်လုပွဲမျိုးက ပြိုင်ဘက်ကို လျှော့တွက်ပြီး မျောထိုးနေလို့ မရဘူး၊ ဦးရင် ဦးသလို လုပ်သွားလိမ့်မယ်။ အခုပွဲ မတိုင်မီက တွံတေးမှာ အေးဗိုစိန်နဲ့ ထိုးခဲ့တာ တတိယအချီမှာ အလဲထိုးပြီး အနိုင်ရခဲ့ပါတယ်။ အကြိုဗိုလ်လုပွဲမှာ ဒေါင်းညိုလေးနဲ့ တွေ့ရမှာဆိုတော့ ဒီနေ့ပွဲလိုတော့ လွယ်လွယ်နဲ့တော့မရဘူး။ သူလဲ ထိုးလုံးထိုးကွက် ကောင်းတယ်။ အရင်က သူနဲ့ မထိုးဖူးပါဘူး။ ကျွန်တော့်ရဲ့ လက်ဝှေ့ထိုးခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ လေးပွဲပဲ ရှုံးဖူးပါသေးတယ်။ ကျွန်တော့်အသက် ၂၉နှစ်ရှိပါပြီ။ လက်ဝှေ့ပွဲတွေ အမြဲထိုးနေကျဆိုတော့ ဒီပွဲမှာ ထူးထူးခြားခြား စိတ်လှုပ်ရှားတာမျိုး မရှိပါဘူး။ ဒီနှစ် ရွှေခါးပတ်ချန်ပီယံလုပွဲက သေချာပြင်ဆင်ပြီး လုပ်တာဆိုတော့ အားရစရာ ကောင်းပါတယ်"**ဟု ပြောကြားသည်။

သတင်းမြင်ကွင်း

၂၀၀၇ခုနှစ် မြန်မာ့ရိုးရာ လက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ကွာတားဖိုင်နယ် ဒုတိယနေ့ ပွဲစဉ်များကို ဩဂုတ် ၂၆ရက် **(ယနေ့)** မွန်းလွဲ၂နာရီတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်ကြောင်း သတင်းမြင်ကွင်းအဖြစ် တင်ဆက်လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပရိသတ်များအကြိုက်တွေ့သည့် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

အိုးထရက်ဖို့ဒ်မှာ မန်ယူတို့ စပါးကို အနိုင်ပွဲစတင်နိုင်ပါ့မလား

အကြိတ်အနယ်နွှဲရမယ့် မစ်ဒယ်ဘရော့နဲ့ နယူးကာဆယ်တို့ရဲ့ အားပြိုင်မှု

သုံးသပ်တင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဩဂုတ် ၂၅

၂၀၀၇–၂၀၀၈ ပရီမီယာလိဂ်ရာသီအစ ပွဲစဉ်တွေကတည်းက ပရိသတ်ရင်ကို စိုးရိမ်ပူပန်မှုတွေ ဖြစ်စေခဲ့တဲ့ မန်ယူအသင်းဟာ ဩဂုတ်၂၆ရက် (ယနေ့)မှာ ကစားရခက်တဲ့ စပါးအသင်းနဲ့ အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ ရင်ဆိုင် ကြုံတွေ့ရပါတော့မယ်။ ဒီလိုပါပဲ ခြေမငြိမ်သေးတဲ့ မစ်ဒယ်ဘရော့ကလည်း အိမ်ကွင်းမှာ နယူးကာဆယ်နဲ့ ကစားရမှာမို့ ကြိုးစားရုန်းကန်ရမယ့် အခြေအနေရှိတာကြောင့် ပရိသတ်ရင်ကို လှုပ်ခတ်စေမယ့် ပွဲစဉ်တွေပါပဲ။

မန်ယူနှင့် စပါး

နိုင်ပွဲရဖို့လိုအပ်နေပြီဖြစ်တဲ့မန်ယူတို့ အိမ်ကွင်းမှာ စပါးကို ခြေကုန်ထုတ်ကစားပါလိမ့်မယ်။ အိုးထရက်ဖို့ဒ်မှာ ကစားခဲ့တဲ့ပွဲတိုင်း စပါးတို့ နိုင်ပွဲမရခဲ့ပါဘူး။ မန်ယူဟာ အဓိက ကစားသမားတွေဖြစ်တဲ့ နဗီးလ်နဲ့ ရွှန်နေတို့ ဒဏ်ရာရနေတဲ့အပြင် စီရိုနယ်ဒိုလည်း ပွဲပယ်ပြစ်ဒဏ်ခံနေရချိန်မှာ ဂိုးသမား ဗန်ဒါဆာကလည်း လေ့ကျင့်ရေးကွင်းမှာ ဝဲဘက်ခြေထောက် ဒဏ်ရာရရှိခဲ့ပြန်တာကြောင့် စပါးနဲ့ပွဲမှာ ကစားဖို့ သိပ်မလွယ်ဘူး ဖြစ်နေပါတယ်။

ဒါပေမယ့် ဖာဂူဆန်ဟာ မန်ယူအသင်းကို နိုင်ပွဲစတင်ရရှိအောင် ရှိတဲ့လူနဲ့ အနိုင်ကစားမယ်လို့ ဆိုနေပါတယ်။ မန်ယူအသင်းဟာ လက်ရှိအနေအထားမှာ တိုက်စစ်မှူးတွေ ခြေစွမ်းပျောက်နေသလို လူသစ်တွေကလည်း လျင်လျင်မြန်မြန်အသားကျဖို့ လိုအပ်နေပါတယ်။ တိုက်စစ်ရော ကွင်းလယ်မှာပါ အားနည်းချက်တွေရှိနေတာကြောင့် လူသစ်တွေထက် အမာခံဘောလုံးသမားတွေဖြစ်တဲ့ ပေါလ်စခိုး၊ ဂစ်တို့အားကိုးနဲ့ စပါးကို ကျော်ဖြတ်ရမယ့်အခြေအနေပါပဲ။

တီဗက်ဇ်

ဆာဟာနဲ့ တွဲပြီး ပွဲထုတ်မယ့် အနေအထားရှိတဲ့ မန်ယူ တိုက်စစ်မှူး တီဗက်ဇ် စပါးကို ဂိုးသွင်းယူနိုင်ပါ့မလား။
(ဓာတ်ပုံ–အင်တာနက်)

မန်ယူအတွက် ဒီပွဲဟာ အရှုံးနဲ့သရေဆိုတဲ့ရလဒ်တွေကို ဘယ်လိုမှ လက်မခံနိုင်တဲ့ အနေအထားဖြစ်တာကြောင့် ဖာဂူဆန်ဟာ သူ့လူတွေကို နိုင်ပွဲရအောင် တင်ကစားခိုင်းပါလိမ့်မယ်။ မန်ယူကို ရောက်ရှိနေတဲ့ တီဗက်ဇ်ကလည်း အသင်းမှာ အံဝင်မှု မရှိသေးတာကြောင့် အားထားရတဲ့ တိုက်စစ်မှူးအဆင့် မရောက်သေးပေမယ့် တီဗက်ဇ်ကို ဒဏ်ရာက ပြန်သက်သာလာပြီဖြစ်တဲ့ ဆာဟာနဲ့တွဲပြီး ပွဲထုတ်မယ့်အနေအထားရှိပါတယ်။

ဒါကြောင့် ဆာဟာနဲ့ တီဗက်ဇ်တို့ တိုက်စစ်အတွဲဟာ ခြေစွမ်းထက်မထက် စောင့်ကြည့်ရပါလိမ့်မယ်။ မန်ယူနောက်ခံလူ ဖာဒီနန်ကတော့ စပါးကို မိမိတို့ အနိုင်ယူမယ်လို့ ကြုံးဝါးထားပြီး ချန်ပီယံခြေစွမ်းကို ပြမယ်လို့ ဆိုနေပါတယ်။ ဒါကြောင့် စပါးကို မန်ယူဘယ်လိုအနိုင်ယူပြီး ပရိသတ်ရဲ့ စိုးရိမ်ပူပန်မှုကို ဖြေသိမ့်ပေးမယ်ဆိုတာ မြင်တွေ့ရပါတော့မယ်။

ရာသီ အစကတည်းက ရလဒ်မကောင်းခဲ့တဲ့ စပါးကလည်း ဒါဘီအသင်းကို အိမ်ကွင်းမှာ လေးဂိုးပြတ်သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့တာကြောင့် ပုံမှန် ခြေစွမ်းပြန်ရတဲ့ အနေအထားရှိနေပါတယ်။

စပါးတိုက်စစ်မှူးတွေဖြစ်တဲ့ မာလ်ဘရန့်၊ကွီဂျီနက်နဲ့ ဘင့်တို့ ဂိုးတွေပြန်သွင်းယူနိုင်တာကြောင့်တိုက်စစ်အားကောင်းနေတာမို့ မန်ယူတို့သတိထားရပါလိမ့်မယ်။ ဒါဘီအသင်းကို ၁၅ မိနစ်အတွင်း သုံးဂိုးသွင်းယူနိုင်တဲ့ စပါးရဲ့ တိုက်စစ်မှူးတွေကို မန်ယူခံစစ်မှူးတွေ ဘယ်လို ဟန့်တားမယ်ဆိုတာ စိတ်ဝင်စားစရာပါပဲ။စပါးနည်းပြမာတင်ဂျိုးလ်ကတော့ မိမိတို့အသင်းဟာ ပုံမှန်ခြေစွမ်း ပြန်ရနေပြီလို့ ပြောကြားနေပါတယ်။ ဒါကြောင့် မန်ယူရဲ့ လက်ရှိအားနဲ့ စပါးကို ဘယ်လိုခံစားမှုတွေ ပေးမယ်ဆိုတာ ပရိသတ်တွေအတွက် ရင်ခုန်စရာကောင်းနေတာမို့ ဒီပွဲရလဒ်အတွက်ကတော့ မန်ယူဘက်ကပဲ ရပ်လိုက်ချင်ပါတယ်။

တိုက်စစ်မှူးမီဒိုဟာ မစ်ဒယ်ဘရော့ရဲ့ ကယ်တင်ရှင်အဖြစ် ခြေစွမ်းပြနိုင်ပါ့မလား။ (ဓာတ်ပုံ–အင်တာနက်)

မစ်ဒယ်ဘရော့နှင့် နယူးကာဆယ်

မစ်ဒယ်ဘရော့နဲ့နယူးကာဆယ်က ခြေရည်တူကြတဲ့ အသင်းတွေမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဒီနှစ်သင်းဟာ အရင်က ဆုံတွေ့ခဲ့သမျှမှာတော့ ဘယ်အသင်းကမှ အသာစီးမရခဲ့ကြပါဘူး။ နယူးကာဆယ်ဟာ ဒီနှစ်မှာ စမစ်နဲ့ မာတင်တို့ကြောင့် တိုက်စစ်စွမ်းရည် မညံ့ပါဘူး။ အိမ်ကွင်းကစားရခက်တဲ့ မစ်ဒယ်ဘရော့ကို နယူးကာဆယ်တို့ လက်ရှိခြေစွမ်းနဲ့ နိုင်ပွဲရသွားနိုင်ပါတယ်။

ဒါပေမယ့် မစ်ဒယ်ဘရော့ဟာ ဒီနှစ်ခြေစွမ်းပြနေတဲ့ မီဒိုနဲ့ ဒေါင်းနင်းတို့ကြောင့် တိုက်စစ်အားကောင်းနေပါတယ်။ မီဒိုနဲ့ ဒေါင်းနင်းတို့နှစ်ယောက် စလုံးဂိုးသွင်းခြေမှန်ကြသူတွေမို့ နယူးကာဆယ်တို့ သတိထားရပါလိမ့်မယ်။

နိုင်ပွဲလိုအပ်နေတဲ့ မစ်ဒယ်ဘရော့ဟာ ဒီပွဲမှာခပ်မာမာ၊ ခပ်တင်းတင်းနဲ့ ကစားပါလိမ့်မယ်။ အသင်းလိုက် စုစည်းမှုအားကောင်းတာက မစ်ဒယ်ဘရော့ပါပဲ။ မစ်ဒယ်ဘရော့ တိုက်စစ်မှူးတွေ ဒီ့ထက် အဆုံးသတ်ပိုကောင်းရင် နယူးကာဆယ်ကို အနိုင်နဲ့သရေမှန်းနိုင်ပါတယ်။

နယူးကာဆယ် ခံစစ်ကြောင်းမှာ ချယ်လ်ဆီးက ပြောင်းလာတဲ့ ဂျယ်ရီမီလည်းရှိနေတာကြောင့် မနှစ်ကထက်ပိုတောင့်တင်းနေပါတယ်။နယူးကာဆယ် တိုက်စစ်မှူးတွေ ခြေစွမ်းပြနိုင်ရင်တော့ မစ်ဒယ်ဘရော့တို့အိမ်ကွင်းမှာ ခက်ခက်ခဲခဲကစားရပါလိမ့်မယ်။ ဒါကြောင့် ဒီပွဲဟာ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။ **(ကိုးကား–အင်တာနက်)**

စုစည်းတင်ပြသူ
မြင့်မောင်စိုး

အိုဆာကာ မီတာ ၄၀၀ ပြေးပွဲ ဗြိတိသျှအပြေးမယ် စံချိန်တင်ဗိုလ်စွဲ

အိုဆာကာ မီတာ၄၀၀ အပြေးချန်ပီယံ အိုဟူရူအိုဂု ပြေးလွှားကစားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အိုဆာကာ ဩဂုတ် ၂၅

ဗြိတိသျှအပြေးမယ် အိုဟူရူအိုဂုသည် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ကျင်းပသော မီတာ ၄၀၀ ပြေးပွဲတွင် စံချိန် ၅၀ ဒသမ၅၆ စက္ကန့်ဖြင့် ဗိုလ်စွဲသွားခဲ့သည်။

အဆိုပါ ပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော သူမ၏စံချိန်သည် ဗြိတိသျှ အပြေးသမားတစ်ဦးအနေဖြင့် အမြန်ဆုံးစံချိန် ဖြစ်သည်။

ပိုကောင်း

ယင်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြင့် လာမည့် သီတင်းပတ်တွင် ကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲအတွက် အောင်မြင်မှုရရှိရန် အလားအလာ ပိုကောင်းသွားကြောင်း သူမက ပြောကြားသည်။

၎င်းသည် ၂၀၀၆ခုနှစ် မတ်လက ဩစတြေးလျနိုင်ငံ မဲလ်ဘုန်း၌ ကျင်းပသော ဓနသဟာယအားကစားပြိုင်ပွဲတွင် မီတာ ၄၀၀ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ထို့အပြင် သူမသည် ယခုနှစ်အတွင်း ဗြိတိသျှအပြေးချန်ပီယံ နီကိုလာဆန်းဒါးစ်ထက်လည်း ပို၍ပြေးနိုင်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

မန်ယူတိုက်စစ်မှူးဟောင်း အင်ဒီကိုးလ် ရှိုင်ကိန်း၏ဆန်းဒါးလန်းအသင်း၌ ပါဝင်ကစားမည်

လန်ဒန် ဩဂုတ် ၂၅

မန်ယူတိုက်စစ်မှူးဟောင်းအင်ဒီကိုးလ်အား ဆန်းဒါးလန်းအသင်းက တစ်နှစ်ခေါ်ယူစာချုပ်ရန် သဘောတူညီပြီးနောက် ဆေးစစ်မှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

ဆန်းဒါးလန်းအသင်း မန်နေဂျာရှိုင်ကိန်းနှင့် တိုက်စစ်မှူး အင်ဒီကိုးလ်။ (ဓာတ်ပုံ–အင်တာနက်)

ရောက်ရှိ

အသက် ၃၅နှစ်ရှိ အင်္ဂလန် တိုက်စစ်မှူးဟောင်း အင်ဒီကိုးလ်သည် နွေရာသီက ပို့စ်မောက်အသင်းမှထွက်ခွာခဲ့ပြီဖြစ်၍ အေးဂျင့်မရှိဘဲ ဆန်းဒါးလန်းအသင်းသို့ ရောက်ရှိလာမည်ဖြစ်သည်။

ဆန်းဒါးလန်းမန်နေဂျာ ရှိုင်ကိန်းနှင့် အင်ဒီကိုးလ်တို့သည် တစ်ချိန်က မန်ချက်စတာယူနိုက်တက်အသင်း၌ အတူကစားခဲ့ကြသည့် ကစားဖော်များဖြစ်ကြသည်။

ကိုးလ်သည် ဘရစ္စတောစီးတီးအသင်းနှင့် နယူးကာဆယ်အသင်းတို့တွင် အောင်မြင်စွာကစားခဲ့ပြီးနောက် ထွက်ခွာခဲ့ရာ မန်ယူ၌ ခုနစ်နှစ်ကြာနီးပါး ကစားခဲ့သူဖြစ်သည်။

သွင်းယူထား

၎င်းသည် ၂၀၀၁ခုနှစ် ဒီဇင်ဘာလက အိုးထရက်ဖို့ဒ်မှ ထွက်ခွာခဲ့ပြီး ဘလက်ဘန်းအသင်းသို့ ပေါင်ရှစ်သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သည်။ ယင်းနောက် ဖူလ်ဟမ်၊ မန်စီးတီးနှင့် ပို့စ်မောက်တို့တွင် ကစားခဲ့သည်။ အင်ဒီကိုးလ်သည် ပရီမီယာလိဂ်သမိုင်းတွင် အလန်ရှီးယားပြီးလျှင် ဂိုးအများဆုံးသွင်းယူထားသူဖြစ်သည်။ **(အင်တာနက်)**

အင်္ဂလန်အသင်းပွဲများ ပါဝင်ကစားမည့်ဘက်ခမ်း

ခရီးမိုင်သောင်းချီ၍ လေယာဉ်စီးရမည်

ဒေးဗစ်ဘက်ခမ်း။ (ဓာတ်ပုံ–အင်တာနက်)

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၅

ဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်အသင်းနှင့် ဂလက်ဆီအသင်း ကိုယ်စား ချစ်ကြည်ရေးပွဲများ ကစားရန် စီစဉ်ထားရာ ခရီးမိုင်ပေါင်းများစွာ လေယာဉ်စီးရမည်ဖြစ်ကြောင်း ဂလက်ဆီအသင်းက သတိပေးပြောကြားလိုက်သည်။

သတိပေး

ဘက်ခမ်းကစားရမည့် ချစ်ကြည်ရေးပွဲစဉ်များ နီးကပ်နေခြင်းကြောင့် အင်္ဂလန်အသင်းနှင့် ကစားမည့်ပွဲအချို့ လွဲလိမ့်မည်ဖြစ်ကြောင်း ဂလက်ဆီအသင်းက သတိပေးလိုက်သည်။

တွက်ကြည့်

အသက် ၃၂နှစ်ရှိ ဒေးဗစ်ဘက်ခမ်းသည် အနည်းဆုံး ပွဲပေါင်း၂၂ပွဲ ပါဝင်ကစားရန် စီစဉ်ထားရာ လာမည့်သုံးလအတွင်း လေယာဉ်စီးပြီးသွားရောက်ရမည်ဖြစ်၍ လေထဲတွင် သီတင်းတစ်ပတ်နီးပါး ကြာနေရလိမ့်မည်ဟု ဂလက်ဆီအသင်းက တွက်ချက်တင်ပြထားသည်။ ယင်းပွဲစဉ် ၂၂ပွဲအတွက် ခရီးမိုင်အားဖြင့် တွက်ကြည့်လျှင် မိုင်ပေါင်း ၈၀၀၀၀ရှိမည်ဟု ဆိုသည်။

လိုအပ်

ယင်းကိစ္စအတွက် ဂလက်ဆီအသင်းအနေဖြင့် ကန့်ကွက်ရန်မရှိကြောင်း၊ သို့ရာတွင် လေထဲတွင်အချိန်ကြာမြင့်စွာနေရမည်ဖြစ်၍ ဘက်ခမ်းအနေဖြင့် ကြံ့ခိုင်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း အသင်းနည်းပြလာလက်စ်က ပြောကြားသည်။ **(အင်တာနက်)**

နယ်စပ်ကုန်သွယ်ရေးစခန်း ပို့ကုန်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

တာချီလိတ် ဩဂုတ် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် နယ်စပ် ကုန်သွယ်ရေးစခန်း(တာချီလိတ်)က ကြီးမှူး၍ ပို့ကုန်မြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲကို ဩဂုတ် ၄ရက် မွန်းလွဲ ၁နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ကုန်သွယ်ရေး စခန်း (တာချီလိတ်) တာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုး **(အပေါ်ပုံ)**နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းမြင့်တို့က အမှာစကား ပြောကြားကြသည်။

ဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ကုန်သည်ကြီးများအသင်း၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ မိတ်ဖွဲ့အသင်းအဖွဲ့များက ပို့ကုန်မြှင့်တင်ရေး ကိစ္စရပ်များ ဆွေးနွေးကြပြီး ဥယျာဉ်ခြံမြေစိုက်ပျိုးထုတ်လုပ်သူများက သရက်၊ လိမ္မော်၊ လက်ဖက်နှင့် ဂုန်လျှော်များ တိုးမြှင့်ထုတ်လုပ်တင်ပို့ရေး ကိစ္စရပ်များ ဆွေးနွေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သီပေါမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူးဆင့်ပွား သင်တန်းဖွင့်၊ ရည်ရွယ်ချက်ရှင်း

သီပေါ ဩဂုတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူးဆင့်ပွား သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၁၅ရက် နံနက်၉နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက သီပေါမြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ကျင်မြက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူး ဆင့်ပွား သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။**(ယာပုံ)**

ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သော ဆယ်အိမ်စုမှူးသင်တန်းသို့ တက်ရောက်ခဲ့သည့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းအုန်းကြည်က သင်တန်းအတွေ့အကြုံများနှင့် သင်တန်းပို့ချချက်များကို ပြန်လည်ရှင်းလင်းပြောကြားပြီး ခရိုင်ဆရာဝန်ကြီးဒေါက်တာရီရီထွေးနှင့် တာဝန်ရှိသူများက သင်တန်းကို ဘာသာရပ်အလိုက် ဆွေးနွေးပို့ချကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဗလာစာအုပ်နှင့် စာရေးကိရိယာလှူဒါန်းနိုင်

မော်လမြိုင်ကျွန်း ဩဂုတ် ၁၉

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ရွှေပြည်အေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ၁၃၆၉ ခုနှစ် ဝါခေါင်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းကာလအထူးတရားပွဲများတွင် ကျောက်ပန်းတောင်းဆရာတော် နယ်လှည့်ဓမ္မကထိက အရှင်ပညာဇောတ (ဓမ္မာစရိယ)က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို သီတင်းဥပုသ်နေ့တိုင်း ဟောကြား ပြသမည်ဖြစ်သည်။

လှူဒါန်းနိုင်

ထို့ပြင် ဝါခေါင်လပြည့်နေ့၌ ရွှေပြည်အေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းသူ ကျောင်းသားများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်းပွဲ ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ ပါဝင် လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာတော် ရွှေပြည်အေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၉၇)**

ကျောက်မြို့မြို့နယ် စေတီတောင်ရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဩဂုတ် ၁၂ ရက်က ဆောင်ရွက်ကြရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌဒေါ်နီနီဝင်းနှင့် အဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း ပိုးလောက်လမ်းများ နှိမ်နင်းကြစဉ်။

(ခရိုင် ပြန်/ဆက်)

ဖလမ်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံပြပွဲ၊ စာဖတ်ဝိုင်းနှင့် ပုံပြောပြိုင်ပွဲကျင်းပ

ဖလမ်း ဩဂုတ် ၄

ချင်း ပြည် နယ် ဖလမ်း ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နယ်လှည့်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာဖတ်ဝိုင်းနှင့် ပုံပြောပြိုင်ပွဲကို ဇူလိုင် ၂၇ရက် နံနက် ၁၀ နာရီခွဲက ဖလမ်းမြို့ တလန်လိုရပ်ကွက် လုံပီး/လုံရန်း ကွက်စိပ်၊ ဦးဥတ္တမသာရ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေး၊ စာဖတ်ဝိုင်းနှင့် ပုံပြောပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမန်းလျန်ဟမ်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနက ဆောင်ရွက်သည့် လုပ်ငန်း တာဝန်များကို လည်းကောင်းရှင်းလင်း ဆွေးနွေးကြသည်။

ဆက်လက်၍ စာဖတ် ဝိုင်းကို ကျင်းပရာ ဒို့ကျေးရွာ ဂျာနယ် အတွဲ(၄) အမှတ်(၇)ပါ စာကြည့်တိုက် ခင်မောင်၏ စာကောဖတ်ကြရဲ့လား ဆောင်းပါးကို အမက(၁) ကျောင်းအုပ်ဒေါ်ဟရန်ဇဆုန်က ဖတ်ကြားပြီး ဦးအာလ်ထန်နှင့်အမက (၁) ကျောင်း အုပ် ဒေါ်နီအဲမ်ဆုန် တို့က ပြန်လည် ဆွေးနွေးကြသည်။

ဆုချီးမြှင့်

ထို့နောက် ပုံပြောပြိုင်ပွဲကို ကျင်းပရာ ပထမဆုရ ဒေါ်ဖုံးဟွေး၊ ဒုတိယဆုရ ဒေါ်ပါရ်မွေး၊ တတိယဆုရ ဒေါ်ရမ်ဒင့်မွေးတို့အား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

(ခရိုင် ပြန် / ဆက်)

သွေးလွန်တုပ်ကွေး ကာကွယ်ရန် ခြင်နှိမ်နင်း

သန်လျင် ဩဂုတ် ၂၀

သန်လျင်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အဖွဲ့ပိုင်မြို့မဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်ယူခြင်း၊ ခြင်နှိမ်နင်းရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇူလိုင်၂၉ရက်က မြို့မဈေးပိတ်ရက်၌ ဝန်ထမ်းများစုပေါင်း ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး ဦးဆောင်၍ ကျန်းမာရေးမှူးဦးဇော်မျိုးထွန်းနှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်သန်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(ဝဲပုံ)** **(မြို့နယ်စည်ပင်)**

တွံတေးစစ်မှုထမ်းဟောင်းအဖွဲ့နှစ်ပတ်လည်စည်းဝေး

တွံတေး ဩဂုတ် ၂၂

တွံတေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ရက် နံနက်က မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမြသောင်း(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး သက်ကြီးအဖွဲ့ဝင် ၄၇ ဦးအား တစ်ဦးလျှင် ငွေကျပ်ငါးထောင်စီ ပူဇော်ကန်တော့ကြသည်။

ထို့နောက် ၂၀၀၅ခုနှစ် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အမျိုးသားစာပေဆုရ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် စာရေးဆရာ မင်းလျှင်အောင် (တွံတေး) အား ဂုဏ်ပြုဆုငွေကျပ် သုံးသောင်းချီးမြှင့်သည်။**(အပေါ်ပုံ)** **(၃၈၀)**

ကြက်ဆူပင်များ မြေဩဇာထည့်

သာယာဝတီ ဩဂုတ် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆရာစံခန်းမဝင်းအတွင်း စိုက်ပျိုးထားပြီးသော ကြက်ဆူပင်များကို ပေါင်းသင်ခြင်းနှင့် မြေဆွခြင်း၊ မြေဩဇာထည့်ခြင်းများ လုပ်ဆောင်မှုကို ဩဂုတ် ၄ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုး ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် အဖွဲ့ပိုင်မြို့မဈေး၊ စာသင်ကျောင်းများ၊ ဆေးရုံနှင့် လူနေရပ်ကွက်များအတွင်း ဩဂုတ် ၁၃ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကိုဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးနေမျိုးလင်း ကြီးကြပ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

မင်းတပ်နှင့်မတူပီ၌ အမျိုးသမီးရေးရာအကြောင်း ဟောပြော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးဆွေးနွေး

ဟားခါး ဇူလိုင် ၃၁

ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝါဝါသည် ချင်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှယ်ဂျာနှင့်အဖွဲ့လိုက်ပါလျက် ဇူလိုင် ၃၀ ရက်မှ ၃၁ ရက်အထိ မင်းတပ်နှင့် မတူပီမြို့နယ်များသို့ သွားရောက်၍ အမျိုးသမီးရေးရာအကြောင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဟောပြောသည်။

ရှေးဦးစွာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝါဝါက အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်ဆွေးနွေး အကောင်အထည်ဖော်ရေး၊ အရင်းမပျောက်မတည်ငွေဖြင့် အမျိုးသမီးများ ဝင်ငွေတိုးရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရေး၊ ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ် ဖြစ်ရမည်ဟူသောဆောင်ပုဒ်နှင့်အညီ လက်ဖက်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှယ်ဂျာက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သိကောင်းစရာများ၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး၊ မွေးရာပါ လည်ချောင်းကွဲ၊ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲခွဲစိတ်ကုသရေးနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပြီး တက်ရောက်သူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကျန်းမာရေးဝန်ကြီးဌာန ဧရာဝတီတိုင်း တိုင်းရင်းဆေးပညာ ဦးစီးဌာန မိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တိုင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၁၆ရက်ကကျင်းပရာ ပုသိမ်မြို့ ကမ္ဘာအေးကျောင်းတိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးဆောင်ရွက်

ကောလင်း ဩဂုတ် ၆

ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ မှတ်ပုံတင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်အထိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့သည် ကောလင်းမြို့နယ်ရှိ ညောင်ကုန်း၊ ကန်ပေါက်တာ၊ ရွာရှည်တောင်၊ ရွာရှည်မြောက်၊ ဖလဲ၊ မြင့်ဒူးနှင့် ပေကုန်းကျေးရွာများသို့ သွားရောက်၍ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်မှူး၊ ကော်မတီဝင်များအားတွေ့ဆုံကာ ကျေးလက်စာကြည့်တိုက်များ မှတ်ပုံတင်ထားရှိရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့ကို ဆွေးနွေးဆောင်ရွက်ကြသည်။ **(ဝ၂၆)**

တောင်ကြီးခရိုင် ဥက္ကဋ္ဌဖလား မြို့နယ်အလိုက် ဘောလုံးပြိုင်

တောင်ကြီး ဩဂုတ် ၂၀

၂၀၀၇ ခုနှစ် တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်အလိုက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၁၅ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ယှဉ်ပြိုင်

အခမ်းအနားတွင် တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းအောင်က အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပွဲဦးထွက်အဖြစ် တောင်ကြီးမြို့နယ်အသင်းနှင့် ရွာငံမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တောင်ကြီးမြို့နယ်အသင်းက ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်နှင့်မြို့ ၁၃ ခုတို့မှ ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဩဂုတ် ၁၅ ရက်မှ ၃၁ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ **(ခရိုင် အား/ကာ)**

ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဩဂုတ် ၁၁ ရက်က မြို့ပေါ်ရပ်ကွက်များနှင့် စာသင်ကျောင်းများတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် မြို့မဈေးရှေ့ ကျောင်းကြီးလမ်း ရေမြောင်းတူးဖော်ခြင်းတို့ကို ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အပြို့ မြို့ အနယ်နယ် သတင်းများ

ကနီ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်

ကနီ ဩဂုတ် ၁၀

မုံရွာခရိုင် ကနီမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ဝယာကျေးရွာ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကပ်ကျော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းလွင်က ဆေးခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ဆွေးနွေးပြီး အဆောက်အအုံသစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျေးရွာဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက မြို့နယ် ဆရာဝန် ဒေါက်တာသန်းလွင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အဆောက်အအုံမှာ အလျား ၂၅ပေ၊ အနံ ၁၆ပေ၊ အမြင့် ၁၂ပေရှိ သွပ်မိုး၊ နံကပ် အမျိုးအစားဖြစ်ပြီး ကျေးရွာပြည်သူများက ငွေကျပ် ၄၄ သိန်းဖြင့်အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သာယာဝတီမြို့နယ် သစ်တောဦးစီးဌာန သစ်ပင်စိုက်ပွဲကျင်းပ

သာယာဝတီ ဩဂုတ် ၂၂

သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနက ၂၀၀၇ ခုနှစ် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းသစ်ပင်စိုက်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက်၈နာရီက ဥတိုကြီးကျေးရွာအနီး၌ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော်သို့ သာယာဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်စိုး၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအောင်ကြီးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၄၀၀က ကျွန်း၊ ဆီသပြေ၊ မဲဇလီ၊ အော်ရေးရှားနှင့် ဝါးစသည့်ပျိုးပင်ပေါင်း ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ယခုအခါ ၂၀၀၇ခုနှစ် မိုးရာသီတွင် သာယာဝတီခရိုင်အတွင်း ကျွန်းပင် ၁၇၈၂၀၀၀၊ သစ်မာပင် သစ်မျိုးစုံ ၁၇၄၀၀၀၀ နှင့် အခြားအပင် ၅၂၀၀၀၀ အပါအဝင် စုစုပေါင်းအပင် ၄၀၄၂၀၀၀ ကို ပျိုးထောင်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် သင်္ဃန်းကျွန်းမြို့နယ် ၁၆/၃ ရပ်ကွက် ပြည်သာယာလမ်းနေ ဒေါ်မြရီ၊ မောင်ဆန်းနိုင်ဦး၊ မလှမြင့်သူ မိသားစုတို့က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အုတ်တွင်း၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန် ခြင်ဆေးဖျန်း

အုတ်တွင်း ဩဂုတ် ၂၀

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်တို့တွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဩဂုတ် ၁၆ ရက် နံနက်က ဆောင်ရွက်ရာ အုတ်တွင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်တို့က စာသင်ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ယင်းသို့ ဆောင်ရွက်ရာတွင် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့်ကျန်းမာရေးဝန်ထမ်းများက အထက တစ်ကျောင်း၊ အမကခြောက်ကျောင်းနှင့် စည်ပင်သာယာဈေးကြီးနှင့် ဈေးလေးတို့တွင် စက်ဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၃၁၆)**

ဖြူးမြို့နယ် စည်ပင် သာ ယာ ရေး အဖွဲ့ အမှုဆောင်အရာရှိလက်ထောက်ညွှန် ကြား ရေး မှူး ဦးမျိုးမြင့်၊ ဦးစီးအရာရှိ ဦးအောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့ ဩဂုတ် ၂ ရက်က ဖြူးမြို့မဈေးကြီး သန့်ရှင်းရေး၊ ရေစီးရေလာကောင်း မွန် ရေး၊ လျှပ်စစ်မီး စနစ်တကျသုံးစွဲရေးနှင့် အဖုံးအအုပ်များဖြင့် ရောင်းချရေးတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မိဘများအား ရည်စူး၍ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် ဇာနည် ၁၅ လမ်း အမှတ် ၆၆၄ နေ ဦးအုန်းကြွယ်–ဒေါ်အုန်းရီ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်း တော် ကြီး အတွက် အလှူငွေ ကျပ် ၁၁၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သောက်ရေကန်ဆောက်လုပ်ရန် အလှူငွေများပေးအပ်

မြင်းမူ ဩဂုတ် ၇

မြင်းမူမြို့နယ် ညောင်ရင်းအခြေခံပညာမူလတန်းလွန်ကျောင်းတွင် သောက်ရေကန်ဆောက်လုပ်ရန်အတွက် ငွေလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၅ရက် နံနက်က ကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် အမရပူရမြို့နေ ဦးမောင်မြင့်–ဒေါ်ငွေငွေ(ငွေငန်း)ဆန်ခေါက်ဆွဲလုပ်ငန်းပိုင်ရှင် မိသားစုက ကျေးရွာဥက္ကဋ္ဌ ဦးသောင်းထိုက်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြတို့ထံ ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (၁၆၇)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် မန္တလေးမြို့ ပတ္တမြားကျောင်းတိုက် ဒါယကာ ဝဏ္ဏကျော်ထင်ဦးဘအုန်း–ဒေါ်သိန်းလှ(ရွှေကုန်သည်)၊ ကြီးကြီး ဒေါ်ဝင်းနှင့် သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် တစ်သိန်းကို ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဆရာတော် ဦးဥက္ကံသ Ph.D(Thesis)(နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်
၂၇–၈–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၀း၀၀ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင် (ဒုတိယတန်း)အဆင့် အမျိုးသမီး အဆိုပြိုင်ပွဲဝင်များ လေ့လာနားဆင်ရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး)
၁၁း၁၅ မွေးမြူရေးရာပြန်ကြားလွှာ
၁၁း၄၀ သိပ္ပံအကြောင်းသိကောင်းစရာ (လေကြောင်း အာကာသတိုးတက်မှုအကြောင်း–သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ(ပြည်တွင်း)
၁၂း၁၀ မှော်ဘီမြို့ စန္ဒကူးမြိုင်တရားစခန်း အကြောင်း
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၂း၃၅ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင် (ပထမတန်း) အဆင့် အမျိုးသား၊ အမျိုးသမီး အဆိုပြိုင်ပွဲဝင်များ လေ့လာရန် မဟာဂီတ
(၁) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(၂) လွမ်းဓလေ့ (ပတ်ပျိုး)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (သူငယ်တန်း–ဘဝတွက်တာ ကျွမ်းကျင်စရာ–သူစိမ်းအန္တရာယ်)

ညနေပိုင်း

၁၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်ပါဠိနှင့်အနက်
၁၇း၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)
၁၇း၄၀ ကဏ္ဍာစုံစွာဆွေးနွေးစရာ (ဆံတော်ရှင် ကျိုက်ထီးရိုးတောင်တန်းသာသနာပြုဝါဆိုသင်္ကန်းကပ်လှူပွဲအကြောင်း)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ မြန်မာမှုမြန်မာ့သဘင် (ဇာတ်သဘင်) (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့မှ ဗုဒ္ဓဝင် တောထွက်ခန်း–ပထမပိုင်း)
၂၀း၃၀ မြန်မာမှုမြန်မာ့သဘင် (ဇာတ်သဘင်) (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့မှ ဗုဒ္ဓဝင် တောထွက်ခန်း–ဒုတိယပိုင်း)

အမှတ် ၁၂ လှိုင်မြစ်လမ်း ဈေးကုန်း အနောက်ရပ်ကွက်နေ ဦးအေးရွှေ မိသားစုက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်းလှူဒါန်းရာ သံဃာ့ဆေးရုံကြီးကြပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးလှရှိန်နှင့် ဦးလှသန်းတို့ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က–ပ)

ဟိုမိန်းမြို့၌ စာဖတ်ပွဲကျင်းပ

ဟိုမိန်း ဩဂုတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် ဟိုမိန်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက် ၉နာရီက အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ရုပ်/သံကျွမ်းကျင်(၃) ဒေါ်နန်းသန္တာဖြူက ချစ်နိုင်(စိတ်ပညာ)၏ ကမ္ဘာ့ရွှာစာအုပ်မှ ကိုယ်ကျင့်တရားအမွေဆောင်းပါးကိုလည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်အေးအေးခိုင်က ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ် (၁၁)မှ လူလေးမျိုးဆောင်းပါးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကင်းဝေးရေး ခြင်ထောင်ဆေးစိမ်နည်းများ လက်တွေ့သရုပ်ပြသ

မူဆယ် ဩဂုတ် ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်ရီနှင့် အဖွဲ့ဝင်များသည် မြို့နယ်ဆရာဝန် ဒေါက်တာကျော်မြင့် ဦးဆောင်သော အထူးကုဆရာဝန်များလိုက်ပါလျက် အသိပညာပေး ဟောပြောပွဲများနှင့် ဆေးဝါးကုသမှုများကို မုံးပေါ်ကျေးရွာအုပ်စု၌ ဩဂုတ် ၁၄ ရက် နံနက်က ကွင်းဆင်းဆောင်ရွက်ကြသည်။

ထို့နောက် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါ စသည့်ရောဂါများအကြောင်း သိကောင်းစရာများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကင်းဝေးစေရေးအတွက် ခြင်ထောင်ဆေးစိမ်နည်းများကို လက်တွေ့သရုပ်ပြသ၍ ခြင်ထောင်စိမ်ဆေးပြားများနှင့် အိုင်အိုဒင်းဆားများကို တက်ရောက်လာသူများအား အခမဲ့ ဖြန့်ဝေပေးကြသည်။

ဆက်လက်၍ အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူ ၇၂၉ဦးကို စမ်းသပ်စစ်ဆေးပြီး အခမဲ့ဆေးကုသမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး သက်ကြီးဘိုးဘွားများအတွက် ပါဝါမျက်မှန်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မုံးပေါ်မူကြိုကျောင်းသို့ သွားရောက်ပြီး မူကြိုကလေးငယ်များအား အာဟာရတိုက်ကျွေး၍ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ပညာသင်ကြားနေသော မိဘမဲ့ကလေးများအား ပညာသင်စရိတ် ထောက်ပံ့ငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သာပေါင်းမြို့၌ ထူးချွန်ကျောင်းသား ကျောင်းသူများ ပညာရည်ချွန်ဆုချီးမြှင့်

သာပေါင်း ဩဂုတ် ၂၀

သာပေါင်းမြို့နယ်အတွင်း ထူးချွန်ကျောင်းသား ကျောင်းသူများအား တတိယအကြိမ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာ(အထက)ကျောင်း၌ ဩဂုတ် ၁၀ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားတွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူ ၂၃ဦးကို မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်ကလည်းကောင်း **(ယာပုံ)**၊ ဂုဏ်ထူးရရှိအောင် ပညာသင်ကြားပေးသော ဆရာ ဆရာမ ၁၃ဦးကို စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း) စက်ရုံစုမှူး ဦးရည်မွန်ကလည်းကောင်း၊ သူငယ်တန်းမှ နဝမတန်းအထိ အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူ ကျောင်းသားကျောင်းသူ ၁၇၈ဦးကို အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားတွင်ပညာရည်ချွန်ဆုစုစုပေါင်းငွေကျပ် ၇၄၃၅၀၀ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း)ပေါက်ခေါင်း မြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ပညာပေးဆွေးနွေးခြင်း၊ စစ်ဆေးခြင်း လုပ်ငန်းများကို ဩဂုတ် ၁ ရက်က အမှုဆောင် အရာရှိ ဦးကြည်စိုးနှင့် မြို့နယ်တိရစ္ဆာန်မွေးမြူရေး နှင့် ကုသရေးဦးစီး ဌာနမှ ဒေါက်တာသိန်းဝင်းတို့ မြို့ပေါ်ရပ်ကွက်ရှိ မွေးမြူရေးခြံများသို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမည်ပြောင်း

ဆားမှော်မြို့၊ သီရိဇေယျာရပ်ကွက်မှ အဖ ဦးအေးနိုင်၏သမီး မဝေဝေဦး ၁/မကတ (နိုင်)၀၉၂၉၇၂ အား မအေးနိုင်ဦးဟု ပြောင်းလဲခေါ်ပါရန်။
မအေးနိုင်ဦး။

ဖခင်အမည်မှန်

ဆားမှော်မြို့ သီရိဇေယျာရပ်ကွက်မှ မအေးနိုင်ဦး ၁/မကတ (နိုင်) ၀၉၂၉၇၂ ၏ ဖခင်အမည်မှန်မှာ ဦးအေးလွင် ၁/မကတ (နိုင်)၀၈၈၈၉၉ ဖြစ်ပါသည်။

Smt ရွှေမင်းသားကို
ရောက်မှပဲအားလုံးအဆင်ပြေသွားတော့တယ်...
SRE
ရွှေမင်းသားအင်တာပရိုက်စ်ကုမ္ပဏီလီမိတက်
SMG • • • • • • • • •
ရွှေမင်းသားမီဒီယာနှင့် ပုံနှိပ်လုပ်ငန်း
အမှတ်(၇၉၇)၊ ၁၀၄/ဘီ၊ ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်။
၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၀၉ ၅၁၀၃၇၂၅

မဟာကျော်
U.D.Eအနီးကပ်(၂)လပြတ်
ရေကြောင်းသိပ္ပံဝင်ခွင့်
အမှတ်–၁၇၇ နှင့် ၁၈၅(ပ)ထပ် ဆိပ်ကမ်းသာလမ်း(လယ်)၊ အမှတ်–၃၂၊ အင်းစိန် လမ်းမ၊ လှည်းတန်း၊ကမာရွတ်မြို့နယ်၊
ဖုန်း–0999-29623 နှင့် 251548
(၁–၉–၂၀၀၇)စမည်။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ကြိုးကြာရွာနေ မောင်အောင်တိုးဦးနှင့် မောင်အောင်ဖြိုးဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမြမွေးဖြစ်ပါကြောင်း။
ဦးမြမွေး ၅/ကဘလ (နိုင်) ၀၆၀၀၉၇။

သွားချင်တဲ့ ခရီး ကိုသွား
ငှားချင်တဲ့ ကား ကိုငှား
TOP 243363 705877
ကို ၂၄နာရီဖုန်းဆက်လိုက်ပါလား။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား။
van, saloon ကားများငှားရန်ရှိသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်မတလ/၉၉၈၃ Honda 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်ကျော်သန်း မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်)၀၉၉၈၆၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊ မန္တလေး(မြောက်ပိုင်း) မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၄၀၂၂၉ ယမဟာ DT 125 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင်သိန်း မှတ်ပုံတင်အမှတ် ၅/ရဘန(နိုင်) ၁၂၆၁၆၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(လားရှိုး)။

သင့်သွေးဖြင့် အသက်ကယ်ပါ

နေပြည်တော်လယ်ဝေး မြွေရိုးလေး စိုက်ပျိုးရေးပညာပေးစခန်းနယ်မြေ မိုးစပါးကွင်းပိတ်ပွဲနှင့် မိုးစပါးလယ်များအတွင်း ငါးမျိုးစိုက်ထည့်

နေပြည်တော် သြဂုတ် ၂၅

နေပြည်တော် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု မြွေရိုးလေး စိုက်ပျိုးရေးပညာပေးစခန်းနယ်မြေ မိုးစပါးကွင်းပိတ်ပွဲနှင့် လယ်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်း၊ ဓာတ်မြေသြဇာ ကြဲပက်ခြင်းနှင့် ပေါင်းလိုက်တမန်းနှိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အဆိုပါစခန်း၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်သည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် လယ်ဝေးမြို့နယ် ခရမ်းကိုင်း ကျေးရွာ အုပ်စု တောင်သူ ဦးတင်အေး၏ လယ်မြေ ၁၀ဧကအတွင်း ငါးမျိုးများ စိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာနေပြည်တော်လယ်ဝေး မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှမြင့်က မြွေရိုးလေး စိုက်ပျိုးရေးပညာပေး စခန်းနယ်မြေတွင် မိုးစပါးကွင်းပိတ် စိုက်ပျိုးရေး ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြွေရိုးလေးစိုက်ပျိုးရေးပညာပေးစခန်းနယ်မြေတာဝန်ခံ ဦးတင်ဆွေက စခန်းနယ်မြေ ကွင်းပိတ်အစီရင်ခံစာကို နေပြည်တော် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပေးအပ်သည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးက အထွက်နှုန်းကောင်းသော စပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေး၊ လယ်များအတွင်း ငါးများ ထည့်သွင်း

စာမျက်နှာ ၄ ကော်လံ ၁ ●

မဒေါက်မြို့၌ စိုးရိမ်ရေမှတ်ကျော်

နေပြည်တော် သြဂုတ် ၂၅

စစ်တောင်းမြစ်ရေသည် ယနေ့နံနက်၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၉၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၂၈ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၈စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲ ကျင်းပပြီးစီး

ရန်ကုန် သြဂုတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲ(၂၀၀၇) နောက်ဆုံးနေ့ကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ တက်ရောက်ကြသည်။

အောင်မြင်စွာကျင်းပပြီးစီး

ရှေးဦးစွာ ရတနာကုန်သည်များက သြဂုတ် ၂၁ရက်မှ သြဂုတ် ၂၄ရက်အထိ ကြည့်ရှုခဲ့ကြပြီး Bargain စနစ်ဖြင့်ဝယ်ယူရန် သက်ဆိုင်ရာ တင်ဒါပုံးများတွင် ထည့်သွင်းထားသော ဖွင့်ဖောက်ရန်ကျန်ရှိနေသည့် ကျောက်စိမ်း Bargain Form များကို စစ်ဆေးရေးအဖွဲ့များက နံနက် ၇နာရီခွဲတွင် ဖွင့်ဖောက်စစ်ဆေး၍ နံနက် ၉နာရီတွင် စတင်ရောင်းချရာ ကျောက်စိမ်း ၄၀၄တွဲ ရောင်းချရပြီး နံနက် ၁၁နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ ယမန်နေ့ကလည်း ကျောက်မျက်အတွဲပေါင်း ၂၁၂တွဲ ရောင်းချခဲ့ရသည်။

ရောင်းချပွဲတွင် အမြင့်ဆုံးဈေးပေး၍ ဝယ်ယူကြသော ရတနာကုန်သည်များအား မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် ဒါရိုက်တာအဖွဲ့ဝင်များက ဂုဏ်ပြုလက်ဆောင်များကို ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ စတင်ယှဉ်ပြိုင် ဝင်းထွန်းက ပတ္တမြားငမောက်ကို စက္ကန့်ပိုင်းအတွင်းအလဲထိုး

ဆောဒွဲလေးက စစ်အောင်ကို ဒုတိယအချီ၌ အနိုင်ရရှိ

နဂါးလေး (တနင်္သာရီတိုင်း) ကို အနိုင်ရရှိသွားသော ဒေါင်းညိုလေး (ဒေါင်းမြန်မာ)။ (မြန်မာ့အလင်း)

ရန်ကုန် သြဂုတ် ၂၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့က ကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ (MDG Co., Ltd.)က အဓိကပံ့ပိုးကူညီမှုဖြင့် ၂၀၀၇ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲ၂နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ကွာတားဖိုင်နယ် ပွဲစဉ်များ မစတင်မီ ဖွင့်ပွဲအခမ်းအနားကျင်းပရာ ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း နေရာယူကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❒

စောဝီလျံသိန်း(အင်းစိန်)ကို အနိုင်ရရှိသွားသော အောင်ဇေယျ (ဘိလပ်မြေစက်ရုံ)။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်း–ကိုထွေး

ဓာတ်ပုံ–တင်စိုးနှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)